(ဏ) **ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) သက်တော် (၃၅) နှစ် ရှိခြင်း၊

(၂) သီလဝန္တဖြစ်ခြင်း၊

(၃) သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ခြင်း၊

(၄) ကမ္မဋ္ဌာန်းရိပ်သာတစ်ခုတွင် အနည်းဆုံး (၅) နှစ် ကမ္မဋ္ဌာန်းပြသခဲ့ခြင်း၊

(၅) ဓမ္မာစရိယစာချတန်း အောင်မြင်ခြင်း သို့မဟုတ် ပိဋကတ်ကျမ်းစာများ သင်ယူဖူးခြင်း၊

(၆) ထေရဝါဒ ပိဋကတ်တော်လာ ကမ္မဋ္ဌာန်းနည်းများကိုသာ ပြသခြင်း၊

(၇) ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်၊ ရာဇဂုဏ် ကင်းလွတ်စွာ ဟောပြောပြသခြင်း၊

(၈) ကမ္မဋ္ဌာန်းရိပ်သာတွင် တစ်နှစ်အတွင်း တရားအားထုတ်သော ယောဂီဦးရေ ၅၀၀ အထက်ရှိခြင်း၊

(၉) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားလွှာများကို လိုက်နာသူဖြစ်ခြင်း၊

(၁၀) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှုကင်းရှင်းခြင်း (အမှုအခင်းရှိခဲ့လျှင် မှုခင်းပြီးငြိမ်းပြီး ဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်ခြင်း)၊

(၁၁) နိုင်ငံတော်အစိုးရအား ဆန့်ကျင်သူမဖြစ်ခြင်း၊ ဆန့်ကျင်သူများအား ကူညီထောက်ပံ့ပေးသူ မဖြစ်ခြင်း။

**မှတ်ချက်။** သာသနာပြုလုပ်ငန်းဆောင်ရွက်ချက်များကို နှစ်အလိုက် မှတ်တမ်းဓာတ်ပုံများဖြင့် ပြည့်စုံစွာဖော်ပြရမည်။

(တ) **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်နှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ဂုဏ်အင်္ဂါ အရည်အချင်း**

(၁) ဥပါသကာဂုဏ်ရည် (၁၀) ပါးကို စောင့်ထိန်းသူဖြစ်ခြင်း၊

(၂) အသက် (၃၅) နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(၃) ရှင်သာမဏေ အပါး ၃၀၀ နှင့်အထက် တစ်ဦးတည်းဒါယကာခံ၍ ရှင်ပြုပေးခြင်း၊

(၄) ရှင်သာမဏေ အပါး ၃၀ ကို တစ်ဦးတည်းဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါးထောက်ပံ့ ပေးလျက်ရှိခြင်း၊

(၅) ဗုဒ္ဓသာသနာပြန့်ပွားမှုနည်းပါးသော ဒေသများတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ သာသနိကအဆောက်အဦများ အသစ်တည်ဆောက်လှူဒါန်းခြင်း၊ ပြုပြင် မွမ်းမံခြင်းတို့ကို ကျပ်သိန်း ၁၀၀၀ အထက် လှူဒါန်းခဲ့ခြင်း၊

(၆) ပရိယတ္တိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်တို့တွင် ထာဝရငွေပဒေသာပင်၊ ပစ္စည်းလေးပါးနှင့် သာသနိကအဆောက်အဦတို့အတွက် ကျပ်သိန်း ၁၀၀၀ အထက် လှူဒါန်းခဲ့ခြင်း၊`

(၇) ပြစ်မှုကင်းရှင်းကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း၊

(၈) ဘွဲ့တံဆိပ်ကို အဆင့်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး အဆင့်ကျော် လျှောက်ထားပါက တစ်ဆင့်ချင်း စီ၏ သတ်မှတ်လှူဒါန်းငွေ ပြည့်မီခြင်း၊

(၉) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ခြင်း၊

(၁၀) လူမှုရေး အရှုပ်အရှင်းရှိသူ၊ လိင်စိတ်ပုံမှန် မဟုတ်သူ၊ လူမှုနယ်ပယ်အတွင်း အများပြည်သူအမြင်၌ လေးစားတင့်တယ်မှုမရှိသူ မဖြစ်ခြင်း၊

(၁၁) နိုင်ငံတော်အစိုးရအား ဆန့်ကျင်သူ၊ ဆန့်ကျင်သည့် အဖွဲ့အစည်းအား ကူညီထောက်ပံ့သူမဖြစ်ခြင်း၊

(၁၂) အခွန်တိမ်းရှောင်သူမဖြစ်ခြင်း၊

(၁၃) ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ဗုဒ္ဓသာသနာပြန့်ပွားမှုနည်းပါးသောဒေသများသို့ လှူဒါန်းခြင်း၊ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းခြင်း အပါအဝင် အခြားသာသနာရေးဆိုင်ရာကိစ္စရပ်များတွင် လှူဒါန်းခြင်းစသည့် လှူဒါန်းငွေ စုစုပေါင်းသည် ကျပ်သိန်း ၈၀၀၀ အထက်ရှိခြင်း၊

(၁၄) ဗုဒ္ဓသာသနာတော်နှင့်မသက်ဆိုင်သည့် လူမှုရေးလှူဒါန်းငွေများ မဖြစ်ခြင်း၊

(၁၅) သူတစ်ဦး လှူဒါန်းထားသည့်ငွေအား အခြားတစ်ဦးက ထပ်မံဖော်ပြ လျှောက်ထားသူမဖြစ်ခြင်း။

**မှတ်ချက်။** ဗုဒ္ဓသာသနာတော်နှင့်သက်ဆိုင်သည့် လှူဒါန်းမှု အထောက်အထားမှတ်တမ်းဓာတ်ပုံများ ပြည့်စုံစွာဖော်ပြရမည်။

(ထ) **သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်နှင့် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) ဥပါသကာဂုဏ်ရည် (၁၀) ပါးကို စောင့်ထိန်းသူဖြစ်ခြင်း၊

(၂) အသက် (၃၅) နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(၃) ရှင်သာမဏေ အပါး ၂၀၀ နှင့်အထက် တစ်ဦးတည်းဒါယကာခံ၍ ရှင်ပြုပေးခြင်း၊

(၄) ရှင်သာမဏေ အပါး ၂၀ ကို တစ်ဦးတည်းဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါးထောက်ပံ့ ပေးလျက်ရှိခြင်း၊

(၅) ဗုဒ္ဓသာသနာပြန့်ပွားမှုနည်းပါးသော ဒေသများတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ သာသနိကအဆောက်အဦများ အသစ်တည်ဆောက်လှူဒါန်းခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ကျပ်သိန်း ၈၀၀ အထက် လှူဒါန်းခဲ့ခြင်း၊

(၆) ပရိယတ္တိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်တို့တွင် ထာဝရငွေပဒေသာပင်၊ ပစ္စည်းလေးပါးနှင့် သာသနိကအဆောက်အဦတို့အတွက် ကျပ်သိန်း ၈၀၀ အထက် လှူဒါန်းခဲ့ခြင်း၊

(၇) ပြစ်မှုကင်းရှင်းကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း၊

(၈) ဘွဲ့တံဆိပ်ကို အဆင့်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး အဆင့်ကျော် လျှောက်ထားပါက တစ်ဆင့်ချင်းစီ၏ သတ်မှတ်လှူဒါန်းငွေ ပြည့်မီခြင်း၊

(၉) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ခြင်း၊

(၁၀) လူမှုရေး အရှုပ်အရှင်းရှိသူ၊ လိုင်စင်ပုံမှန် မဟုတ်သူ၊ လူမှုနယ်ပယ်အတွင်း အများပြည်သူအမြင်၌ လေးစားတင့်တယ်မှုမရှိသူ မဖြစ်ခြင်း၊

(၁၁) နိုင်ငံတော်အစိုးရအား ဆန့်ကျင်သူ၊ ဆန့်ကျင်သည့် အဖွဲ့အစည်းအား ကူညီထောက်ပံ့သူမဖြစ်ခြင်း၊

(၁၂) အခွန်တိမ်းရှောင်သူမဖြစ်ခြင်း၊

(၁၃) ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ဗုဒ္ဓသာသနာပြန့်ပွားမှုနည်းပါးသော ဒေသများသို့ လှူဒါန်းခြင်း၊ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းခြင်းအပါအဝင် အခြားသာသနာရေးဆိုင်ရာ ကိစ္စရပ်များတွင် လှူဒါန်းခြင်းစသည့် လှူဒါန်းငွေ စုစုပေါင်းသည် ကျပ်သိန်း ၆၀၀၀ အထက်ရှိခြင်း၊

(၁၄) ဗုဒ္ဓသာသနာတော်နှင့်မသက်ဆိုင်သည့် လူမှုရေးလှူဒါန်းငွေများ မဖြစ်ခြင်း၊

(၁၅) သူတစ်ဦး လှူဒါန်းထားသည့်ငွေအား အခြားတစ်ဦးက ထပ်မံဖော်ပြ လျှောက်ထားသူ မဖြစ်ခြင်း။

**မှတ်ချက်**။ ဗုဒ္ဓသာသနာတော်နှင့်သက်ဆိုင်သည့် လှူဒါန်းမှု အထောက်အထား မှတ်တမ်းဓာတ်ပုံများ ပြည့်စုံစွာဖော်ပြရမည်။

( ဒ ) **သီဟသုဓမ္မဇောတိကဓဇဘွဲ့တံဆိပ်နှင့် သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) ဥပါသကာဂုဏ်ရည် (၁၀) ပါးကို စောင့်ထိန်းသူဖြစ်ခြင်း၊

(၂) အသက် (၃၅) နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(၃) ရှင်သာမဏေ အပါး ၁၀၀ နှင့်အထက် တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း၊

(၄) ရှင်သာမဏေ ၁၀ ပါးကို တစ်ဦးတည်း ဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါး ထောက်ပံ့ပေးလျက်ရှိခြင်း၊

(၅) ဗုဒ္ဓသာသနာပြန့်ပွားမှုနည်းပါးသော ဒေသများတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ သာသနိကအဆောက်အဦများ အသစ်တည်ဆောက်လှူဒါန်းခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ကျပ်သိန်း ၅၀၀ အထက် လှူဒါန်းခဲ့ခြင်း၊

(၆) ပရိယတ္တိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်တို့တွင် ထာဝရငွေပဒေသာပင်၊ ပစ္စည်းလေးပါးနှင့် သာသနိကအဆောက်အဦတို့အတွက် ကျပ်သိန်း ၅၀၀ အထက် လှူဒါန်းခဲ့ခြင်း၊

(၇) ပြစ်မှုကင်းရှင်းကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း၊

(၈) ဘွဲ့တံဆိပ်ကို အဆင့်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး အဆင့်ကျော် လျှောက်ထားပါက တစ်ဆင့်ချင်းစီ၏ သတ်မှတ်လှူဒါန်းငွေ ပြည့်မီခြင်း၊

(၉) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ခြင်း၊

(၁၀) လူမှုရေး အရှုပ်အရှင်းရှိသူ၊ လိုင်စင်ပုံမှန် မဟုတ်သူ၊ လူမှုနယ်ပယ်အတွင်း အများပြည်သူအမြင်၌ လေးစားတင့်တယ်မှုမရှိသူ မဖြစ်ခြင်း၊

(၁၁) နိုင်ငံတော်အစိုးရအား ဆန့်ကျင်သူ၊ ဆန့်ကျင်သည့် အဖွဲ့အစည်းအား ကူညီထောက်ပံ့သူမဖြစ်ခြင်း၊

(၁၂) အခွန်တိမ်းရှောင်သူမဖြစ်ခြင်း၊

(၁၃) ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ဗုဒ္ဓသာသနာပြန့်ပွားမှုနည်းပါးသော ဒေသများသို့ လှူဒါန်းခြင်း၊ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းခြင်း အပါအဝင် အခြားသာသနာရေးဆိုင်ရာကိစ္စရပ်များတွင် လှူဒါန်းခြင်းစသည့် လှူဒါန်းငွေ စုစုပေါင်းသည် ကျပ်သိန်း ၅၀၀၀ အထက်ရှိခြင်း၊

(၁၄) ဗုဒ္ဓသာသနာတော်နှင့်မသက်ဆိုင်သည့် လူမှုရေးလှူဒါန်းငွေများ မဖြစ်ခြင်း၊

(၁၅) သူတစ်ဦး လှူဒါန်းထားသည့်ငွေအား အခြားတစ်ဦးက ထပ်မံဖော်ပြ လျှောက်ထားသူ မဖြစ်ခြင်း။

**မှတ်ချက်။** ဗုဒ္ဓသာသနာတော်နှင့်သက်ဆိုင်သည့် လှူဒါန်းမှု အထောက်အထား မှတ်တမ်းဓာတ်ပုံများ ပြည့်စုံစွာဖော်ပြရမည်။

( ဓ ) **သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်နှင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ဂုဏ်အင်္ဂါအရည်အချင်း**

(၁) ဥပါသကာဂုဏ်ရည် (၁၀) ပါးကို စောင့်ထိန်းသူဖြစ်ခြင်း၊

(၂) အသက် (၃၅) နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(၃) ရှင်သာမဏေ အပါး ၅၀ နှင့်အထက် တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း၊

(၄) ရှင်သာမဏေ ၅ ပါးကို တစ်ဦးတည်း ဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါး ထောက်ပံ့ပေးလျက်ရှိခြင်း၊

(၅) ဗုဒ္ဓသာသနာပြန့်ပွားမှုနည်းပါးသော ဒေသများတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ သာသနိကအဆောက်အဦများ အသစ်တည်ဆောက်လှူဒါန်းခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ကျပ်သိန်း ၃၀၀ အထက် လှူဒါန်းခဲ့ခြင်း၊

(၆) ပရိယတ္တိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်တို့တွင် ထာဝရငွေပဒေသာပင်၊ ပစ္စည်းလေးပါးနှင့် သာသနိကအဆောက်အဦတို့အတွက် ကျပ်သိန်း ၃၀၀ အထက် လှူဒါန်းခဲ့ခြင်း၊

(၇) ပြစ်မှုကင်းရှင်းကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း၊

(၈) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ခြင်း၊

(၉) လူမှုရေး အရှုပ်အရှင်းရှိသူ၊ လိင်စိတ်ပုံမှန် မဟုတ်သူ၊ လူမှုနယ်ပယ်အတွင်း အများပြည်သူအမြင်၌ လေးစားတင့်တယ်မှုမရှိသူ မဖြစ်ခြင်း၊

(၁၀) နိုင်ငံတော်အစိုးရအား ဆန့်ကျင်သူ၊ ဆန့်ကျင်သည့် အဖွဲ့အစည်းအား ကူညီထောက်ပံ့သူမဖြစ်ခြင်း၊

(၁၁) အခွန်တိမ်းရှောင်သူမဖြစ်ခြင်း၊

(၁၂) ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ဗုဒ္ဓသာသနာပြန့်ပွားမှုနည်းပါးသော ဒေသများသို့ လှူဒါန်းခြင်း၊ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းခြင်း အပါအဝင် အခြားသာသနာရေးဆိုင်ရာကိစ္စရပ်များတွင် လှူဒါန်းခြင်းစသည့် လှူဒါန်းငွေ စုစုပေါင်းသည် ကျပ်သိန်း ၄၀၀၀ အထက်ရှိခြင်း၊

(၁၃) ဗုဒ္ဓသာသနာတော်နှင့်မသက်ဆိုင်သည့် လူမှုရေးလှူဒါန်းငွေများ မဖြစ်ခြင်း၊

(၁၄) သူတစ်ဦး လှူဒါန်းထားသည့်ငွေအား အခြားတစ်ဦးက ထပ်မံဖော်ပြ လျှောက်ထားသူ မဖြစ်ခြင်း။

**မှတ်ချက်။** ဗုဒ္ဓသာသနာတော်နှင့်သက်ဆိုင်သည့် လှူဒါန်းမှု အထောက်အထားမှတ်တမ်းဓာတ်ပုံများ ပြည့်စုံစွာဖော်ပြရမည်။

၃။ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်တစ်မျိုးမျိုး ဆက်ကပ်ချီးမြှင့်ခံရပြီးသည့်နေ့မှစ၍ ၂ နှစ် ပြည့်မြောက်ပါက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တစ်မျိုးမျိုးအား ထပ်မံလျှောက်ထားနိုင်သည်။

၄။ နိုင်ငံတော်အစိုးရသည် အထူးထိုက်သင့်သော ကိစ္စရပ်များအတွက် ဆရာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တစ်မျိုးမျိုးကို ဆက်ကပ်ချီးမြှင့်သင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့် ဘွဲ့တံဆိပ်တော်တစ်ခုခုကို ဆက်ကပ်ချီးမြှင့်နိုင်သည်။

၅။ နိုင်ငံတော်အစိုးရက ဆက်ကပ်ချီးမြှင့်ခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် စပ်လျဉ်း၍ အောက်ပါ အကြောင်းတစ်ရပ်ရပ် တွေ့ရှိပေါ်ပေါက်ပါက ပြန်လည်ရုပ်သိမ်းနိုင်သည်-

(က) နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

(ခ) သတ်မှတ်ဂုဏ်အင်္ဂါအရည်အချင်းတစ်ခုခု ပျက်ယွင်းခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြစ်ဒဏ်ကျခံရခြင်း၊

(ဃ) အခြားအကြောင်းအချက် တစ်ရပ်ရပ် ပေါ်ပေါက်တွေ့ရှိခြင်း။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**နောက်ဆက်တွဲ ဖော်ပြချက်များ**

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

| | | | |
|---|---|---|---|
| ၁။ | အဘိဓဇမဟာရဋ္ဌဂုရု | = | ထူးမြတ်သောအလံတံခွန်ပမာနိုင်ငံမှအလေးထားဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်။ (အဘိ- ထူးမြတ်သော၊ ဓဇ- အလံတံခွန်၊ မဟာ-ကြီးကျယ်သော၊ ရဋ္ဌ- နိုင်ငံ၊ ဂုရု- အလေးထားခြင်း) |
| ၂။ | အဂ္ဂမဟာပဏ္ဍိတ | = | မြင့်မြတ်ကြီးကျယ်သော ပညာရှိ ပုဂ္ဂိုလ်။ (အဂ္ဂ-မြင့်မြတ်သော၊ မဟာ-ကြီးကျယ်သော၊ ပဏ္ဍိတ-ပညာရှိပုဂ္ဂိုလ်) |
| ၃။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက | = | ပိဋကသုံးပုံဆောင် တရားဘဏ္ဍာစိုးပုဂ္ဂိုလ်။ (တိပိဋက- ပိဋကသုံးပုံ၊ ဓရ-ဆောင်၊ ဓမ္မ- တရား၊ ဘဏ္ဍာဂါရိက- ဘဏ္ဍာစိုးပုဂ္ဂိုလ်) |
| ၄။ | အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ | = | မြင့်မြတ်ကြီးကျယ်သော ပိဋကတ်စာပေကျမ်းဂန် ပို့ချသည့်ပညာရှိ ပုဂ္ဂိုလ်။ (အဂ္ဂ-မြင့်မြတ်သော၊ မဟာ-ကြီးကျယ်သော၊ ဂန္ထဝါစက- ပိဋကတ်စာပေကျမ်းဂန်ပို့ချသည့်၊ ပဏ္ဍိတ-ပညာရှိပုဂ္ဂိုလ်) |
| ၅။ | မဟာဂန္ထဝါစကပဏ္ဍိတ | = | ကြီးကျယ်သော ပိဋကတ်စာပေကျမ်းဂန်ပို့ချသည့် ပညာရှိပုဂ္ဂိုလ်။ (မဟာ-ကြီးကျယ်သော၊ ဂန္ထဝါစက- ပိဋကတ်စာပေကျမ်းဂန်ပို့ချသည့်၊ ပဏ္ဍိတ-ပညာရှိပုဂ္ဂိုလ်) |
| ၆။ | ဂန္ထဝါစကပဏ္ဍိတ | = | ပိဋကတ်စာပေကျမ်းဂန်ပို့ချသည့် ပညာရှိပုဂ္ဂိုလ်။ (ဂန္ထဝါစက- ပိဋကတ်စာပေကျမ်းဂန်ပို့ချသည့်၊ ပဏ္ဍိတ-ပညာရှိပုဂ္ဂိုလ်) |
| ၇။ | မဟာဓမ္မကထိကဗဟုဇနဟိတဓရ | = | လူအများ၏ အကျိုးဆောင် ကြီးမားသော တရားဟောပုဂ္ဂိုလ်။ (မဟာ- ကြီးမားသော၊ ဓမ္မကထိက- တရားဟောပုဂ္ဂိုလ်၊ ဗဟု- များစွာသော၊ ဇန- လူ၊ ဟိတ- အကျိုးစီးပွား၊ ဓရ- ဆောင်သူ) |
| ၈။ | ဓမ္မကထိကဗဟုဇနဟိတဓရ | = | လူအများ၏ အကျိုးဆောင် တရားဟောပုဂ္ဂိုလ်။ (ဓမ္မကထိက- တရားဟောပုဂ္ဂိုလ်၊ ဗဟု- များစွာသော၊ ဇန- လူ၊ ဟိတ- အကျိုးစီးပွား၊ ဓရ- ဆောင်သူ) |
| ၉။ | အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက | = | ထူးမြတ်ကြီးကျယ်သော အလံတံခွန်ပမာ မြင့်မြတ်ကြီးကျယ်သော သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပစေသော ပုဂ္ဂိုလ်။ (အဘိဓဇ- ထူးမြတ်ကြီးကျယ်သော အလံတံခွန်၊ အဂ္ဂ- မြင့်မြတ်သော၊ မဟာ- ကြီးကျယ်သော၊ သဒ္ဓမ္မ- သူတော်ကောင်းတရားကို၊ ဇောတိက- ထွန်းလင်းတောက်ပစေသော ပုဂ္ဂိုလ်) |

| | | | |
|---|---|---|---|
| ၁၀။ | အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ | = | မြင့်မြတ်ကြီးကျယ်သော သူတော်ကောင်းတရားကို အလံတံခွန်ပမာ ထွန်းလင်းတောက်ပစေသော ပုဂ္ဂိုလ်။<br>(အဂ္ဂ – မြင့်မြတ်သော၊ မဟာ – ကြီးကျယ်သော၊ သဒ္ဓမ္မ – သူတော်ကောင်းတရားကို၊ ဇောတိက – ထွန်းလင်းတောက်ပစေသောပုဂ္ဂိုလ်၊ ဓဇ – အလံတံခွန်ပမာ) |
| ၁၁။ | မဟာသဒ္ဓမ္မဇောတိကဓဇ | = | ကြီးကျယ်သော သူတော်ကောင်းတရားကို အလံတံခွန်ပမာ ထွန်းလင်းတောက်ပစေသော ပုဂ္ဂိုလ်။<br>(မဟာ–ကြီးကျယ်သော၊ သဒ္ဓမ္မ – သူတော်ကောင်းတရားကို၊ ဇောတိက – ထွန်းလင်းတောက်ပစေသော ပုဂ္ဂိုလ်၊ ဓဇ – အလံတံခွန်ပမာ) |
| ၁၂။ | သဒ္ဓမ္မဇောတိကဓဇ | = | သူတော်ကောင်းတရားကို အလံတံခွန်ပမာ ထွန်းလင်းတောက်ပစေသော ပုဂ္ဂိုလ်။<br>(သဒ္ဓမ္မ – သူတော်ကောင်းတရားကို၊ ဇောတိက – ထွန်းလင်းတောက်ပစေသော ပုဂ္ဂိုလ်၊ ဓဇ – အလံတံခွန်ပမာ) |
| ၁၃။ | အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ | = | မြင့်မြတ်ကြီးကျယ်သော ကမ္မဋ္ဌာန်းတရားကို သင်ကြားပြသပေးသော ဆရာ။<br>(အဂ္ဂ – မြင့်မြတ်သော၊ မဟာ – ကြီးကျယ်သော၊ ကမ္မဋ္ဌာန – ကမ္မဋ္ဌာန်းတရားကို၊ အာစရိယ–သင်ကြားပြသပေးသောဆရာ) |
| ၁၄။ | မဟာကမ္မဋ္ဌာနာစရိယ | = | ကြီးကျယ်သော ကမ္မဋ္ဌာန်းတရားကို သင်ကြားပြသပေးသောဆရာ။<br>(မဟာ – ကြီးကျယ်သော၊ ကမ္မဋ္ဌာန – ကမ္မဋ္ဌာန်းတရားကို၊ အာစရိယ– သင်ကြားပြသပေးသောဆရာ) |
| ၁၅။ | ကမ္မဋ္ဌာနာစရိယ | = | ကမ္မဋ္ဌာန်းတရားကို သင်ကြားပြသပေးသောဆရာ။<br>(ကမ္မဋ္ဌာန – ကမ္မဋ္ဌာန်းတရားကို၊ အာစရိယ – သင်ကြားပြသပေးသော ဆရာ) |
| ၁၆။ | အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ | = | မြင့်မြတ်ကြီးမားကျက်သရေရှိသော ပတ္တမြားရတနာကဲ့သို့ သူတော်ကောင်း တရားကို ဆောင်ထားသော အမျိုးသား။<br>(အဂ္ဂ – မြင့်မြတ်သော၊ မဟာ – ကြီးမားသော၊ သီရိ – ကျက်သရေရှိသော၊ သုဓမ္မ – သူတော်ကောင်းတရားကို၊ မဏိဇောတ – ပတ္တမြားရတနာကဲ့သို့၊ ဓရ – ဆောင်ထားသော အမျိုးသား) |
| ၁၇။ | အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ | = | မြင့်မြတ်ကြီးမားကျက်သရေရှိသော ရွှေစင်ရတနာကဲ့သို့ သူတော်ကောင်း တရားကို ဆောင်ထားသော အမျိုးသမီး။<br>(အဂ္ဂ – မြင့်မြတ်သော၊ မဟာ – ကြီးမားသော၊ သီရိ – ကျက်သရေရှိသော၊ သုဓမ္မ – သူတော်ကောင်းတရားကို၊ သိင်္ဂီ – ရွှေစင်ရတနာကဲ့သို့သော အမျိုးသမီး) |
| ၁၈။ | သီရိသုဓမ္မမဏိဇောတဓရ | = | ကျက်သရေရှိသော ပတ္တမြားရတနာကဲ့သို့ သူတော်ကောင်းတရားကို ဆောင်ထားသော အမျိုးသား။<br>(သီရိ – ကျက်သရေရှိသော၊ သုဓမ္မ – သူတော်ကောင်းတရားကို၊ မဏိဇောတ– ပတ္တမြားရတနာကဲ့သို့၊ ဓရ – ဆောင်ထားသော အမျိုးသား) |
| ၁၉။ | သီရိသုဓမ္မသိင်္ဂီ | = | ကျက်သရေရှိသော ရွှေစင်ရတနာကဲ့သို့ သူတော်ကောင်းတရားကို ဆောင်ထားသော အမျိုးသမီး။<br>(သီရိ – ကျက်သရေရှိသော၊ သုဓမ္မ – သူတော်ကောင်းတရားကို၊ သိင်္ဂီ – ရွှေစင်ရတနာကဲ့သို့သော အမျိုးသမီး) |
| ၂၀။ | သီဟသုဓမ္မမဏိ ဇောတဓရ | = | ရဲရင့်သော ပတ္တမြားရတနာကဲ့သို့ သူတော်ကောင်းတရားကို ဆောင်ထားသော အမျိုးသား။<br>(သီဟ – ရဲရင့်သော၊ သုဓမ္မ – သူတော်ကောင်းတရားကို၊ မဏိဇောတ – ပတ္တမြားရတနာကဲ့သို့၊ ဓရ – ဆောင်ထားသော အမျိုးသား) |

၂၁။ သီဟသုဓမ္မသိင်္ဂီ = ရဲရင့်သော ရွှေစင်ရတနာကဲ့သို့ သူတော်ကောင်းတရားကို ဆောင်ထားသော အမျိုးသမီး။
(သီဟ – ရဲရင့်သော၊ သုဓမ္မ – သူတော်ကောင်းတရားကို၊ သိင်္ဂီ – ရွှေစင်ရတနာကဲ့သို့သော အမျိုးသမီး)

၂၂။ သုဓမ္မမဏိဇောတဓရ = ပတ္တမြားရတနာကဲ့သို့သူတော်ကောင်းတရားကို ဆောင်ထားသော အမျိုးသား။
(သုဓမ္မ – သူတော်ကောင်းတရားကို၊ မဏိဇောတ – ပတ္တမြားရတနာကဲ့သို့၊ ဓရ – ဆောင်ထားသော အမျိုးသား)

၂၃။ သုဓမ္မသိင်္ဂီ = ရွှေစင်ရတနာကဲ့သို့သူတော်ကောင်းတရားကို ဆောင်ထားသော အမျိုးသမီး။
(သုဓမ္မ – သူတော်ကောင်းတရားကို၊ သိင်္ဂီ – ရွှေစင်ရတနာကဲ့သို့သော အမျိုးသမီး)

## ဓမ္မကထိကဂုဏ်ရည် (၉) ပါး

၁။ ဒါနသီလကြောင့် နတ်ပြည်၌ စည်းစိမ်ခံစားရပုံ၊ ကာမဂုဏ်တို့၏ အပြစ်၊ ကာမဂုဏ်မှ ထွက်မြောက်လိုမှုဟု ဆိုအပ်သော တစ်ဆင့်ထက်တစ်ဆင့်မြင့်သော အစဉ်အတိုင်းသော (အနုပုဗ္ဗိကထာ) အစဉ်အတိုင်းဖြစ်သော တရားစကားကို ဟောကြားခြင်း၊

၂။ အကျိုးအကြောင်းဆက်စပ်ပြသော (ပရိယာယဒဿာဝီ) တရားစကားကို ဟောကြားခြင်း၊

၃။ သံသရာဆင်းရဲဒုက္ခကို ခံစားနေရသော တရားနာပရိသတ်အား သနားခြင်းကြောင့် တရားဟောကြားခြင်း၊

၄။ ငွေကြေးလှူဖွယ်ဝတ္ထုပစ္စည်း (အာမိသ) ကို မငဲ့ကွက်သောစိတ်ဖြင့် တရားဟောခြင်း၊

၅။ မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း မထိပါးမပုတ်ခတ်မူ၍ တရားဟောကြားခြင်း၊

၆။ သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပိဋကတ်တော်လာ တရားတော်များကိုသာ ဟောကြားခြင်း၊

၇။ ထေရဝါဒပိဋကတ်တော်နှင့်ဆန့်ကျင်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းသည့် လောကီလူမှုရေးကိစ္စများကို ထည့်သွင်းဟောကြားမှု မပြုခြင်း၊

၈။ အနည်းဆုံး သိက္ခာဝါ (၁၀) ဝါရှိ၍ ကိုယ်ကျင့်သီလနှင့်ပြည့်စုံသည့် သီလဝန္တပုဂ္ဂိုလ်ဖြစ်ခြင်း၊

၉။ သာသနဓဇဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဘွဲ့တစ်ခုခု သို့မဟုတ် နိုင်ငံတော်မှ ဆက်ကပ်သော ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တစ်ခုခု ရရှိသူဖြစ်ခြင်း။

## ဥပါသကာဂုဏ်ရည် (၁၀) ပါး

၁။ သံဃာနှင့်တူမျှသော ချမ်းသာဆင်းရဲရှိသူဖြစ်ခြင်း၊

၂။ တရားတော်ကိုသာလျှင် အကြီးအမှူးထားသူဖြစ်ခြင်း၊

၃။ ဥစ္စာပစ္စည်းအင်အားအလျောက် ဝေဖန်ခွဲခြားပေးလှူခြင်း၌ မွေ့လျော်သူဖြစ်ခြင်း၊

၄။ ဘုရားသာသနာတော် ပျက်ပြားဆုတ်ယုတ်သည်ကို ကြားသိတွေ့မြင်သော် တိုးတက်စည်ပင်ခြင်းငှာ လုံ့လစိုက်ထုတ်သူဖြစ်ခြင်း၊

၅။ ကောင်းသော အယူဝါဒရှိသူဖြစ်၍ အထူးအဆန်းအာရုံကို မြင်ရကြားရ တွေ့ရသော်လည်း မင်္ဂလာဟုမယုံကြည်သူဖြစ်ခြင်း၊

၆။ အသက်ဟူသော အကြောင်းကြောင့်လည်း ဘုရားသာသနာမှ တစ်ပါးသောသူကို ဆရာအဖြစ် သတ်မှတ်သူမဟုတ်ခြင်း၊

၇။ ကိုယ်အမူအရာ နှုတ်အမူအရာ စောင့်စည်းသူဖြစ်ခြင်း၊

၈။ သင့်တင့်ညီညွတ်ခြင်း၌ မွေ့လျော်သူ၊ ပျော်ပိုက်သူဖြစ်၍ မငြူစူတတ်သူဖြစ်ခြင်း၊

၉။ ကောက်ကျစ်စဉ်းလဲသည်၏ အစွမ်းအားဖြင့် သာသနာတော်၌ ကျင်လည်ကျက်စားသူ မဟုတ်ခြင်း၊

၁၀။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူဖြစ်ခြင်း။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာ နုနုလွင်<br>ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ နေခြည်လှဲ့လှဲ့သိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**အကြမ်းဖက်ခံရမှုများကြောင့် သေဆုံး/ ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးခဲ့ရသည့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်ရစ်သူမိသားစုဝင် သား/ သမီးများအား ကူညီစောင့်ရှောက်ပေးနိုင်သော ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဦးဆောင်ကော်မတီဖွဲ့စည်းခြင်း**

၁။ **အကြမ်းဖက်ခံရမှုများကြောင့် သေဆုံး/ ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးခဲ့ရသည့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်ရစ်သူမိသားစုဝင် သား/ သမီးများအား ကူညီစောင့်ရှောက်ပေးနိုင်သော ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( င ) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဒ ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အကြမ်းဖက်ခံရမှုများကြောင့် သေဆုံး/ ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးခဲ့ရသည့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်ရစ်သူမိသားစုဝင် သား/ သမီးများအား ကူညီစောင့်ရှောက်ပေးနိုင်သော ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေတွင်ပါဝင်ရမည့် ကဏ္ဍအလိုက် လိုအပ်သည့် မူဝါဒ၊ လမ်းညွှန်ချက်နှင့် အစီအမံများ ချမှတ်ပေးခြင်း၊

(ခ) ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းကော်မတီများ၊ အဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် သင့်လျော်သည့်ကာလသတ်မှတ်၍ သတ်မှတ်ကာလအတွင်း အချိန်မီရေးသားပြုစုနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ဆက်စပ်လျက်ရှိသည့် လက်ရှိတည်ဆဲဥပဒေများကိုလေ့လာ၍ ချိတ်ဆက်ရေးဆွဲနိုင်ရေး လမ်းညွှန်မှု ပေးခြင်း၊

(င) ဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီက တင်ပြလာသည့် ဥပဒေ (မူကြမ်း) ကို စိစစ်ခြင်းနှင့် လိုအပ်ပါက ဖြည့်စွက်ပြင်ဆင်ခြင်း၊

(စ) ဖြည့်စွက်ပြင်ဆင်အတည်ပြုပြီးသည့် နောက်ဆုံးမူကြမ်းထွက်ရှိပါက ဥပဒေရေးဆွဲပြဋ္ဌာန်းရေးဆိုင်ရာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ရေးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

၃။ ဥပဒေ (မူကြမ်း) အား ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန် ပြီးဆုံးသည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးထက်သျှန်ဖြိုး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်မေခိုင်ဝင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

**မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီတွင် အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သည့် **မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ** တွင် ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန **အစား** ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန အား အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပြန်လည်ရုပ်သိမ်းခြင်း**

နိုင်ငံတော်ကောင်စီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးတို့၏ အမိန့်ကြော်ငြာစာအမှတ် ၁၉၇၅၊ ၂/၂၀၀၂၊ ၂/၂၀၀၇၊ ၂/၂၀၁၀၊ ၂/၂၀၁၁၊ ၂/၂၀၁၂၊ ၂/၂၀၂၁၊ ၂/၂၀၂၂၊ ၁၂၅/၂၀၂၂ နှင့် ၄/၂၀၂၄ တို့ဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်အပိုဒ် ၆၇ အရ ပြန်လည်ရုပ်သိမ်းလိုက်သည်–

| | | |
|---|---|---|
| (က) | သူရဦးအောင်ကို | သူရဘွဲ့(၁၉၇၅)<br>ဝဏ္ဏကျော်ထင်ဘွဲ့(၂/၂၀၁၂) |
| (ခ) | ဦးမြင့်နိုင် | ဝဏ္ဏကျော်ထင်ဘွဲ့(၂/၂၀၁၂)<br>စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)(၂/၂၀၀၂) |
| (ဂ) | ကြည်း ၂၀၈၀၉ ဗိုလ်ချုပ် ဇော်လွင်ဦး | ဇေယျကျော်ထင်ဘွဲ့(၂/၂၀၂၁)<br>မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်(၄/၂၀၂၄) |
| (ဃ) | ကြည်း ၂၁၉၁၃ ဗိုလ်ချုပ် ဝင်းလွင် | ဇေယျကျော်ထင်ဘွဲ့(၂/၂၀၂၁) |
| (င) | ကြည်း ၂၁၉၁၅ ဗိုလ်ချုပ် လှမြင့်စိုး | ဇေယျကျော်ထင်ဘွဲ့(၂/၂၀၂၂) |
| (စ) | ကြည်း ၂၃၁၆၈ ဗိုလ်ချုပ် အောင်လင်းထွန်း | ဇေယျကျော်ထင်ဘွဲ့(၂/၂၀၂၂) |
| (ဆ) | ဦးချစ်ခိုင် | စည်သူဘွဲ့ (၂/၂၀၁၁)၊ ဝဏ္ဏကျော်ထင်ဘွဲ့ (၂/၂၀၁၀)<br>စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)(၂/၂၀၀၇) |
| (ဇ) | ဦးခင်ရွှေ | ဝဏ္ဏကျော်ထင်ဘွဲ့(၂/၂၀၁၀) |
| (ဈ) | ဦးသိမ်းဝေ | သီရိပျံချီဘွဲ့(၁၂၅/၂၀၂၂) |

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယင်းဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) အရ **ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ရ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(လ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဝ) ညွှန်ကြားရေးမှူး (မကူးစက်) — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(သ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဟ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု — တွဲဖက်အတွင်းရေးမှူး
ထိန်းချုပ်ရေးလုပ်ငန်း တာဝန်ခံ/စီမံချက်မန်နေဂျာ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၂။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

**(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

**၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သော လွတ်လပ်ရေးနေ့ကျင်းပရေးဆပ်ကော်မတီ (၁၀) ခုအနက် **နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ** အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(၁) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၂) ကောင်စီဝင် (၁) — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

| | | |
|---|---|---|
| (၃) | ကောင်စီဝင် (၆)<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ဒုတိယမြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ကော်မတီဝင် (၁)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) | ကော်မတီဝင် (၂)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၇) | ကော်မတီဝင် (၃)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၈) | ဌာနကြီးမှူး (အင်ဂျင်နီယာ)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၉) | ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၀) | ဌာနမှူး၊ အင်ဂျင်နီယာဌာန (လမ်းတံတား)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၁) | ဌာနမှူး၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၂) | ကိုယ်စားလှယ် (၁) ဦး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ကိုယ်စားလှယ် (၁) ဦး<br>စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၅) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ပျဉ်းမနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၆) | ခရိုင်အုပ်ချုပ်ရေးမှူး<br>လယ်ဝေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၇) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၈) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၉) | တွဲဖက်အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |
| (၂၀) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၈၅၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးဇော်မျိုးဝင်း<br>တ/ ၃၅၉၇ | ကျိုင်းတုံ<br>ရှမ်းပြည်နယ် |
| ၂။ | ဦးဇေယျာရှိန်း<br>တ/ ၃၆၈၆ | ပြင်ဦးလွင်<br>မန္တလေးတိုင်းဒေသကြီး |

သာခွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၈၈၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်သဲသက်ဖွန့်စံ<br>တ/ ၃၂၇၃ | ပျော်ဘွယ်<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်စုသဲမြတ်<br>တ/ ၃၆၇၃ | လယ်ဝေး<br>မန္တလေးတိုင်းဒေသကြီး |

သာခွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၄၁ /၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပမည့် နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) တွင် ပါဝင်သည့် မြို့နယ် (၁၀၂)

မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကြေညာချက်အမှတ် ၅၆/ ၂၀၂၅ ဖြင့် သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ် အား တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

**ပူးတွဲ** ။ အပိုင်း (၂) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

ပူးတွဲ

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**အပိုင်း (၂) တွင်ပါဝင်သည့် မြို့နယ်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့် မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ မချမ်းဘော<br>၂။ မိုးကောင်း<br>၃။ ဝိုင်းမော် | |
| ၂ | ကယား | ၁။ ဒီးမော့ဆို<br>၂။ ဖရူဆို | |
| ၃ | ကရင် | ၁။ ဖာပွန်<br>၂။ လှိုင်းဘွဲ့ | |
| ၄ | စစ်ကိုင်း | ၁။ ကလေးဝ<br>၂။ မင်းကင်း<br>၃။ ဝန်းသို<br>၄။ ကျွန်းလှ<br>၅။ မြင်းမူ<br>၆။ ချောင်းဦး<br>၇။ ဘုတလင်<br>၈။ အရာတော်<br>၉။ ဖောင်းပြင်<br>၁၀။ မော်လိုက်<br>၁၁။ ရေဦး | |
| ၅ | တနင်္သာရီ | ၁။ ရေဖြူ<br>၂။ ကျွန်းစု<br>၃။ တနင်္သာရီ | |
| ၆ | ပဲခူး | ၁။ ဒိုက်ဦး<br>၂။ ရွှေကျင်<br>၃။ ထန်းတပင်<br>၄။ ရေတာရှည်<br>၅။ ဇီးကုန်း<br>၆။ ပေါင်းတည်<br>၇။ ကဝ<br>၈။ သနပ်ပင်<br>၉။ ပေါက်ခေါင်း<br>၁၀။ ပန်းတောင်း<br>၁၁။ မိုးညို<br>၁၂။ မင်းလှ | |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့် မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၇ | မကွေး | ၁။ ဂန့်ဂေါ<br>၂။ ဆိပ်ဖြူ<br>၃။ နတ်မောက်<br>၄။ မြို့သစ်<br>၅။ ငဖဲ<br>၆။ စလင်း<br>၇။ စေတုတ္တရာ<br>၈။ ကံမ<br>၉။ မင်းတုန်း<br>၁၀။ မင်းလှ<br>၁၁။ ဆင်ပေါင်ဝဲ | |
| ၈ | မန္တလေး | ၁။ စဉ့်ကိုင်<br>၂။ ကျောက်ပန်းတောင်း<br>၃။ တံတားဦး<br>၄။ ပြည်ကြီးတံခွန်<br>၅။ မဟာအောင်မြေ<br>၆။ ဝမ်းတွင်း<br>၇။ သာစည်<br>၈။ အမရပူရ<br>၉။ မတ္တရာ | |
| ၉ | မွန် | ၁။ ဘီးလင်း<br>၂။ မုဒုံ<br>၃။ သံဖြူဇရပ်<br>၄။ ရေး<br>၅။ ပေါင် | |
| ၁၀ | ရန်ကုန် | ၁။ ဗဟန်း<br>၂။ ပန်းဘဲတန်း<br>၃။ လသာ<br>၄။ ကော့မှူး<br>၅။ ကွမ်းခြံကုန်း<br>၆။ ဒဂုံမြို့သစ် (မြောက်ပိုင်း)<br>၇။ ဒေါပုံ<br>၈။ ပုဇွန်တောင်<br>၉။ လှိုင်<br>၁၀။ ရွှေပြည်သာ<br>၁၁။ ထန်းတပင်<br>၁၂။ လှည်းကူး<br>၁၃။ တောင်ဥက္ကလာပ<br>၁၄။ ကိုကိုးကျွန်း<br>၁၅။ ကြည့်မြင်တိုင်<br>၁၆။ အင်းစိန် | |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့် မြို့နယ်များ | မှတ်ချက် |
| --- | --- | --- | --- |
| ၁၁ | ရှမ်း | ၁။ ရွာင်<br>၂။ ဆီဆိုင်<br>၃။ ကလော<br>၄။ မိုင်းခတ်<br>၅။ မိုင်းပျဉ်း<br>၆။ မိုင်းဖြတ်<br>၇။ ရပ်စောက်<br>၈။ တန့်ယန်း<br>၉။ မိုင်းရယ်<br>၁၀။ ကွန်ဟိန်း<br>၁၁။ မိုင်းတုံ<br>၁၂။ မိုင်းယောင်း<br>၁၃။ မိုင်းယန်း<br>၁၄။ မိုင်းပန်<br>၁၅။ မောက်မယ်<br>၁၆။ မိုင်းကိုင်<br>၁၇။ လဲချား | |
| ၁၂ | ဧရာဝတီ | ၁။ ကျောင်းကုန်း<br>၂။ ကန်ကြီးထောင့်<br>၃။ သာပေါင်း<br>၄။ ကျိုက်လတ်<br>၅။ ဖျာပုံ<br>၆။ ဘိုကလေး<br>၇။ ပန်းတနော်<br>၈။ ဝါးခယ်မ<br>၉။ အိမ်မဲ | |

## ကြေညာချက်အမှတ် (၁၄၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

### မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁) ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်ကော်မရှင် အဖွဲ့ခွဲတွင်  ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည် | ကော်မရှင်အဖွဲ့ခွဲတာဝန် |
| --- | --- | --- |
| (၁) | ဦးမျိုးမြင့်အောင် | ဥက္ကဋ္ဌ |
| (၂) | ဦးဇင်မင်းစိုး | အဖွဲ့ဝင် (၃) |

သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**အဆိုပြုချက်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၄၉ အရ ရင်းနှီးမြှုပ်နှံမှုလျှောက်ထားလွှာများအား လေ့လာသုံးသပ်ရာတွင် ကော်မရှင်အား ကူညီရန်နှင့် အဆိုပြုချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်နိုင်ရန်အတွက် အဆိုပြုချက်စိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

(က) ဒေါ်အေးစန္ဒာလွင် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ အဆိုပြုချက်စိစစ်ရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၆၄ နှင့်အညီ အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံလိုသူသည် နိုင်ငံတော်၏ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ခွင့်ပြုမိန့်လိုအပ်သည့်လုပ်ငန်း ဟုတ် မဟုတ် စိစစ်ခြင်း၊

(ဂ) အဆိုပြုချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒများနှင့် လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို လိုက်နာမှု ရှိ မရှိ စိစစ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝအရင်းအမြစ်များအား ထိရောက်သော နည်းပညာနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာ တို့ဖြင့် ကျင့်သုံးဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူ၊ တွဲဖက်လုပ်ကိုင်သူနှင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတို့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အတွက် ငွေကြေးထည့်ဝင်နိုင်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စ) ရင်းနှီးမြှုပ်နှံသူ၊ တွဲဖက်လုပ်ကိုင်သူနှင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတို့သည် ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းနှင့် စီးပွားရေးလောကတွင် ဂုဏ်သတင်းကောင်းမွန်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြောင့် ပြည်ထောင်စုအစိုးရ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက ထုတ်ပြန်ထားသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု မူဝါဒရည်မှန်းချက်များအပေါ် အကျိုးသက်ရောက်မှု ရှိ မရှိ စိစစ်ခြင်းနှင့် အဆိုပါမူဝါဒများနှင့် လိုက်လျောညီထွေ ရှိ မရှိ စိစစ်ခြင်း၊

(ဇ) လုပ်ငန်းသဘာဝအပေါ်မူတည်၍ လျှပ်စစ်ပိုင်းဆိုင်ရာ သုံးစွဲမည့်ပမာဏ ကိုက်ညီမှု ရှိ မရှိနှင့် အဆိုပြု လုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားရရှိနိုင်မှု အခြေအနေများအား စိစစ်ခြင်း၊

(ဈ) ပြည်ပမှတင်သွင်းမည့်စက်ပစ္စည်း၊ စက်အရန်ပစ္စည်းနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား စိစစ်ခြင်း၊

(ည) အဆိုပြုချက်တွင် လက်ခနှုန်းထားများ၊ လစာနှုန်းထားများ ဆီလျော်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဋ) အလုပ်အကိုင်ရရှိနိုင်မှု အခွင့်အလမ်းများအား စိစစ်ခြင်း၊

(ဌ) အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များအား စိစစ်ခြင်း။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အဆိုပြုချက်စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့် ကြော်ငြာစာအမှတ် ၈/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မြထွန်းဦး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီသည် **ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ရဲမှူးချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ညွှန်ကြားရေးမှူး<br>အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ်တစ်ဦး<br>ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ<br>ပူးတွဲစောင့်ကြည့်ရေးကော်မတီ | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ရေးချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ဥပဒေချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ရဲမှူးကြီး (ညွှန်ကြားရေးမှူး၊ မှုခင်း)<br>မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ်တစ်ဦး<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဖ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့

(ဗ) ဒုတိယဥက္ကဋ္ဌ (၁) — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

(ဘ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(မ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကာကွယ်ရေးဝန်ကြီးဌာန

၂။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပူးတွဲကြေညာချက်အား အကောင်အထည်ဖော်ရန်အတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ညှိနှိုင်းပူးပေါင်းမှုများ ဆောင်ရွက်ရန်၊

(ခ) ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအစည်းအဝေးမှချမှတ်သော ရှေ့လုပ်ငန်းစဉ်များနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ပူးတွဲကြေညာချက်အား အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရလဒ်များကိုစုစည်း၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီသို့ တင်ပြရန်၊

(ဃ) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သတင်းမီဒီယာများမှတစ်ဆင့် လူထုအား အသိပညာပေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

(င) ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီမှပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

၃။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ဒေါက်တာ စိုးဝင်း
ဥက္ကဋ္ဌ
ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်
တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ

## အမိန့်အမှတ် (၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

### တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၁။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျရောက်မည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားအား လက်တွေ့ကျကျ အဓိပ္ပာယ်ရှိရှိ စီစဉ်ကျင်းပမည်ဖြစ်ပြီး NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီကို အထောက်အကူပြုနိုင်ရန် အောက်ပါလုပ်ငန်းကော်မတီ (၁၃) ရပ်ကို ဖွဲ့စည်းလိုက်သည်-

(က) **ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်<br>အတွင်းရေးမှူး<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး<br>ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်မှူးကြီး ဝဏ္ဏအောင်<br>အဖွဲ့ဝင်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး<br>ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ | အဖွဲ့ဝင် |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၈) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(၉) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၁၀) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(၁၉) ဒုတိယရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(၂၀) အင်ဂျင်နီယာချုပ် — အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၂၁) ဗိုလ်မှူးကြီး (၁) ဦး — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(၂၂) ဗိုလ်ချုပ် စိုးနိုင်ဦး (ငြိမ်း) — အတွင်းရေးမှူး
အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး
ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

( ခ ) **ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားသို့ တက်ရောက်မည့်ပုဂ္ဂိုလ်များနှင့် အထောက်အကူပြုရုံးအဖွဲ့များ၏ အင်အားစာရင်းကို ဖိတ်ကြားရေးလုပ်ငန်းကော်မတီထံမှရယူ၍ အတည်ပြုချက်ရယူပြီး လိုအပ်ပါက လုပ်ငန်းကော်မတီများထံ ဖြန့်ဝေရန်၊

(၂) အခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များနေရာချထားမှု Seating Plan ရေးဆွဲရန်၊

(၃) နေရာခင်းကျင်းမှု (Seating Plan) များကို အတည်ပြုချက် ရယူပေးရန်၊

(၄) အစည်းအဝေးအစီအစဉ်များပြုစုရန်၊ အချိန်မီထုတ်ပြန်ရေးညှိနှိုင်းဆောင်ရွက်ရန်နှင့် လိုအပ်သောစာရွက်စာတမ်းများ မိတ္တူကူးယူဖြန့်ဝေရန်၊

(၅) အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ အစည်းအဝေးမှတ်တမ်းများ ပြုစုဖြန့်ဝေရန်၊

(၆) မူလသတ်မှတ်ထားသော လုပ်ငန်းအကြောင်းအရာများမှ အပြောင်းအလဲများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာကော်မတီအသီးသီးသို့ အချိန်မီ အသိပေးဆောင်ရွက်ရန်၊

(၇) ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများ၊ သတ်မှတ်ချက်များကို ဘဏ္ဍာရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(၈) အခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များအတွက် ခရီးသွားလာစရိတ်များကို ထုတ်ပေးနိုင်ရေးနှင့် လိုအပ်သည့် ကြိုတင်ငွေထုတ်ယူနိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(၉) လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များ အချိန်မီပြီးစီးနိုင်ရေး ကြီးကြပ်ကွပ်ကဲရန်နှင့် ညှိနှိုင်းအစည်းအဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပရန်၊

(၁၀) NCA အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်နိုင်ရေး ဦးစီးကော်မတီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရန်၊

(၁၁) လိုအပ်ပါက EAO များနှင့် အချိန်မီညှိနှိုင်းဆောင်ရွက်နိုင်ရေး EAO ဘက်မှ ကိုယ်စားလှယ်နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၂) သတင်းစာရှင်းလင်းပွဲ စီစဉ်ပေးရန်။

**(ဂ) ဖိတ်ကြားရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

**(ဃ) ဖိတ်ကြားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားသို့ ဖိတ်ကြားမည့်ပုဂ္ဂိုလ်များ၊ ပြည်ပ Think Tank ပညာရှင်များ၊ UN အဖွဲ့အစည်းများ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ INGO/ NGO များ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ၏ အမည်စာရင်းပြုစုရန်၊

(၂) အခမ်းအနားအမျိုးအစားအလိုက် ဖိတ်ကြားရန်နှင့် အခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များ တည်းခိုမည့်နေရာအသီးသီးသို့ အခမ်းအနားကျင်းပမည့်ရက်မတိုင်မီ ၁ ရက် ကြိုတင်ရောက်ရှိရေး ကြိုတင်ဖိတ်ကြားရန်၊

(၃) နိုင်ငံခြားသံတမန်များ၊ UN အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားမည့်သူများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ယူဖိတ်ကြားရန်၊

(၄) INGO/ NGO များ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များအား ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ယူဖိတ်ကြားရန်၊

(၅) ဖိတ်ကြားစာများပြုလုပ်ရာတွင် စာသား၊ ဒီဇိုင်း၊ အရောင်၊ အရွယ်အစားများကို အတည်ပြုချက်ရယူရန်၊ ရိုက်နှိပ်ရန်နှင့် အချိန်မီဖိတ်ကြားရန်၊ (သတ်မှတ်ဝတ်စုံထည့်သွင်းရန်)

(၆) ဖိတ်ကြားစာနှင့်အတူ လုံခြုံရေးအမှတ်အသားပါသော လည်ဆွဲကတ်ပြားများ၊ ယာဉ်ဝင်ခွင့်ကတ်များ အချိန်မီထုတ်ပေးနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

( င ) **ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
နယ်စပ်ရေးရာဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၉) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
နယ်စပ်ရေးရာဝန်ကြီးဌာန

( စ ) **ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနား တက်ရောက်မည့်ပုဂ္ဂိုလ်များ တည်းခိုမည့်ဟိုတယ်များကို ရွေးချယ်ရန်နှင့် အစုအဖွဲ့အလိုက် နေရာချထားသတ်မှတ်ရန်၊

(၂) ဆက်ဆံရေးအရာရှိများ တွဲဖက်ထားရှိရန်နှင့် တာဝန်ကျသည့်နေရာအလိုက် ဆက်ဆံရေးအရာရှိများ၏ အမည်စာရင်း၊ ဖုန်းနံပါတ်များကို ကြိုတင်ဖြန့်ဝေရန်၊

(၃) လေယာဉ်ဖြင့်လာရောက်မည့် ပုဂ္ဂိုလ်များအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုရန်နှင့် ကြိုဆိုပို့ဆောင်ရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) နိုင်ငံခြားသံတမန်များ ကြိုဆိုနေရာချထားရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနကတာဝန်ယူရန်၊

(၅) INGO/NGO များ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များအား ကြိုဆိုနေရာချထားရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူရန်။

(ဆ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၄) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့မီးရထားလုပ်ငန်း

(၅) အမှုဆောင်အရာရှိချုပ် အဖွဲ့ဝင်
မြန်မာအမျိုးသားလေကြောင်း

(၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၈) တပ်ဖွဲ့မှူး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ အဖွဲ့ဝင်

(၉) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနား တက်ရောက်မည့် ကိုယ်စားလှယ်များအား တည်းခိုရာနေရာများမှ MICC-I သို့ မော်တော်ယာဉ်များဖြင့် အသွား/အပြန် ကြိုဆိုပို့ဆောင်ရန်၊ ရှေ့ပြေးယာဉ်/ယာဉ်ထိန်းဆိုင်ကယ်များ ရရှိရေး လုံခြုံရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) လေယာဉ်ဖြင့်လာရောက်မည့် ပုဂ္ဂိုလ်များအတွက် နေပြည်တော်လေဆိပ်နှင့် တည်းခိုရာနေရာသို့ အသွား/ အပြန် ပို့ဆောင်ရေးအတွက် ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်း ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) အသုံးပြုမည့် မော်တော်ယာဉ်စာရင်းပြုစုရန်၊

(၄) လုပ်ငန်းကော်မတီအသီးသီးအတွက် အုပ်ချုပ်မှုအထောက်အကူပြုမော်တော်ယာဉ်များစီစဉ်ပေးရန်၊

(၅) သုံးစွဲကုန်ကျမည့် စက်သုံးဆီများနှင့်ပတ်သက်၍ မူဝါဒရယူဆောင်ရွက်ရန်။

(ဈ) **အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယမြို့တော်ဝန် ဥက္ကဋ္ဌ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ဌာနကြီးမှူး အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၅) အင်ဂျင်နီယာချုပ် အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၇) ဌာနမှူး — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၈) ဒုတိယအထွေထွေမန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၉) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၁၀) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၁) ညွှန်ကြားရေးမှူး (MICC–I) — တွဲဖက်အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ည) **အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားကျင်းပမည့်နေရာ၊ နားနေခန်းများ၊ ထမင်းစားခန်းများတွင် Seating Plan အတိုင်း ထိုင်ခုံများခင်းကျင်းပြီး စားပွဲခင်းစကတ်များ ခင်းကျင်းပေးရန်၊

(၂) အခမ်းအနား ဖျော်ဖြေရေးအစီအစဉ်အတွက် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးရန်၊

(၃) မှတ်တမ်းဓာတ်ပုံရိုက်ကူးရေးအတွက် ထိုင်ခုံနေရာချထားမှုပုံစံ ရေးဆွဲအတည်ပြုရန်နှင့် သတ်မှတ်နေရာတွင် ထိုင်ခုံနေရာများ မြန်ဆန်စွာ ခင်းကျင်းနိုင်ရေး ကြိုတင်စီစဉ်ထားရန်၊

(၄) မှတ်တမ်းဓာတ်ပုံရိုက်ကူးနိုင်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်ပေးရန်၊

(၅) အသံစနစ် လိုအပ်သောအခန်းများတွင် အသံစနစ်တပ်ဆင်ဆောင်ရွက်ပေးရန်၊

(၆) လိုအပ်သည့်နေရာများတွင် LED Board များဖြင့် တပ်ဆင်ပြီး ပြသနိုင်ရေးဆောင်ရွက်ရန်၊

(၇) လျှပ်စစ်မီးမပြတ်တောက်စေရေးနှင့် အရန်မီးစက်များထားရှိရန်၊

(၈) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ညှိနှိုင်းပြီး First Welcome ဆိုင်းဘုတ်နှင့် Second Welcome ဆိုင်းဘုတ်များ၊ အခမ်းအနားစင်မြင့်နောက်ခံကားချပ်စာသား၊ အရောင်ဒီဇိုင်း၊ Logo၊ Motto များ ပြုလုပ်ခြင်း အပါအဝင် အခြားလိုအပ်မည့် Vinyl နှင့် Billboard များ ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်၊

(၉) ရောင်စုံအလံများ လွှင့်ထူထားရန်၊

(၁၀) အခမ်းအနားကျင်းပမည့် အဆောက်အအုံအတွင်း Wifi ရရှိရေး ဆောင်ရွက်ထားရန်၊

(၁၁) TV နှင့် LED Board များဖြင့် လမ်းညွှန်နိုင်ရေး ဆောင်ရွက်ထားရန်၊

(၁၂) Recording မှတ်တမ်းခွေရရှိရေး ဆောင်ရွက်ထားရန်၊

(၁၃) စကားပြောစင်၊ စားပွဲနှင့် လိုအပ်သည့်နေရာများတွင် ပန်းအလှဆင်ဆောင်ရွက်ရန်၊

(၁၄) မီဒီယာခန်းတွင် လိုအပ်သော ထိုင်ခုံ၊ စားပွဲများ ချထားပေးရန်၊

(၁၅) လိုအပ်ပါက လှုံ့ဆော်ရေးပိုစတာများ စိုက်ထူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်။

( ဋ ) **ခန်းမတွင်းနေရာချထားရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ပညာရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၇) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပညာရေးဝန်ကြီးဌာန

**( ၄ ) ခန်းမတွင်းနေရာချထားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားသို့ တက်ရောက်လာသည့် ပုဂ္ဂိုလ်များအား Seating Plan အတိုင်း ကြိုဆိုနေရာချထားရေးဆောင်ရွက်ရန်၊

(၂) အခမ်းအနားကျင်းပမည့် ခန်းမနှင့် ကျွေးမွေးဧည့်ခံမည့် ခန်းမများအတွင်း ထိုင်ခုံနေရာပြလမ်းညွှန်ဆိုင်းဘုတ်များကို လျှောက်လမ်းများတွင် မြင်သာအောင်ထားရှိရန်၊

(၃) အခမ်းအနားသို့ တက်ရောက်သည့် ပုဂ္ဂိုလ်များ၏ တက်ရောက်မှုမှတ်တမ်း (Attendance Registration) (အမည်၊ ရာထူး၊ ဌာန/ အဖွဲ့အစည်း၊ အစုအဖွဲ့၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊ ကျား/မ၊ နေရပ်လိပ်စာ၊ လက်မှတ်) ကိုရယူပြီး သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီတို့သို့ ပေးပို့ရန်၊

(၄) အခမ်းအနားသို့ တက်ရောက်လာသည့် ပုဂ္ဂိုလ်များအား နေပြည်တော်ရှိ ဘုရားစေတီများနှင့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်မည်ဆိုပါက တာဝန်ခံ၍ လိုက်ပါပို့ဆောင်ရန်။

**( ၃ ) ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူး (MICC–I) — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၉) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဃ) **ညှော်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ကျွေးမွေးမည့် အစားအသောက် (Menu) များနှင့် ကုန်ကျစရိတ်များ တွက်ချက်တင်ပြ အတည်ပြုချက်ရယူရန်၊

(၂) ကျွေးမွေးမည့်အင်အားစာရင်းကို ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီထံမှ ရယူဆောင်ရွက်ရန်၊

(၃) နေ့လယ်စာ ကျွေးမွေးနိုင်ရေးအတွက် Seating Plan ရေးဆွဲရန်နှင့် နေရာချထားမှုအား အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၄) အခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များ၊ အထောက်အကူပြုရုံးအဖွဲ့များ၊ မီဒီယာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေး/ ယာဉ်မောင်း ဝန်ထမ်းများအတွက် နေ့လယ်စာ (Lunch) ကို သတ်မှတ်နေရာများတွင် စားသုံးနိုင်ရေးစီမံဆောင်ရွက်ပေးရန်၊

(၅) အခမ်းအနားကျင်းပရေးအတွက် အထောက်အကူပြုဆောင်ရွက်ရသည့် ရုံးဝန်ထမ်းများ (စားသောက်ရေး စီစဉ်ပေးထားသည့် အထောက်အကူပြုရုံးအဖွဲ့များမပါ) အတွက် ကျွေးမွေးရေး စီမံဆောင်ရွက်ပေးရန်၊ (ကော်မတီအလိုက် အင်အားအတည်ပြုသတ်မှတ်ပေးရန်)

(၆) အရေးကြီးပုဂ္ဂိုလ်များ ကျွေးမွေးညှော်ခံမည့် ခန်းမအတွင်း အစားသောက်များ သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး၊ အချိန်မီကျွေးမွေးညှော်ခံနိုင်ရေး သက်ဆိုင်ရာဟိုတယ်နှင့် ချိတ်ဆက်၍ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရန်၊

(၇) အစားအသောက်များကို Food Test ပြုလုပ်ရေး ကျန်းမာရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။

(င) **လုံခြုံရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | အဖွဲ့ဝင် (၁)၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | တပ်ဖွဲ့မှူး၊ သတင်းရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ် (၁) ဦး<br>တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (၆) | ကိုယ်စားလှယ် (၁) ဦး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူး<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ရဲမှူးချုပ် (၁) ဦး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

(စ) **လုံခြုံရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားကျင်းပမည့်နေရာနှင့် တည်းခိုသည့်နေရာများ လုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေးနှင့် လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်ပေးရန်၊

(၂) ရှေ့ပြေးမော်တော်ယာဉ်/ ဆိုင်ကယ်များ စီစဉ်ဆောင်ရွက်ရန်၊

(၃) အခမ်းအနားတက်ရောက်မည့် ကိုယ်စားလှယ်၊ အထောက်အကူပြုအဖွဲ့များနှင့် မီဒီယာများ အတွက် လုံခြုံရေးလည်ဆွဲကတ်များနှင့် ယာဉ်ဝင်ခွင့်ကတ်များအား အုပ်စုအလိုက် ဒီဇိုင်း အရောင် ခွဲခြားပြုလုပ်ရန်၊

(၄) လုံခြုံရေးကတ်ပြားများ ပြုလုပ်မည့် စာသား၊ ဒီဇိုင်း၊ အရောင်၊ အရွယ်အစားများကို ပူးပေါင်း ညှိနှိုင်းရေးလုပ်ငန်းကော်မတီထံမှ အတည်ပြုချက်ရယူဆောင်ရွက်ရန်။

(ထ) **ကျန်းမာရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ကျန်းမာရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(၅) ဆေးရုံအုပ်ကြီး — အဖွဲ့ဝင်
ခုတင် (၁၀၀၀) ဆေးရုံကြီး၊ နေပြည်တော်

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

( ဒ ) **ကျန်းမာရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) MICC–I နှင့် တည်းခိုမည့်ဟိုတယ်နေရာများတွင် Medical Cover အဖွဲ့များ၊ Ambulance ယာဉ်များ တွဲဖက်ထားရှိရန်၊ ကျန်းမာရေးကိစ္စပေါ်ပေါက်ပါက ကုသပေးနိုင်ရေး အခမ်းအနား အစမှ ပြီးစီးသည်အထိ အချိန်ပြည့်ဆေးခန်း ဖွင့်လှစ်ဆောင်ရွက်ပေးရန်နှင့် အရေးပေါ်အတွက် ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၂) အစားအသောက်များကို Food Test ပြုလုပ်ပေးရန်၊

(၃) လိုအပ်ပါက MICC–I အတွင်း/ အပြင် ပိုးမွှားနှိမ်နင်းရေးအတွက် ဆေးဖျန်းရန်၊

(၄) လိုအပ်ပါက ကိုဗစ် ၁၉ နှင့်ပတ်သက်သည့် လိုအပ်မည့် ပစ္စည်းများအား ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ရန်။

( ဓ ) **သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင် — အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး
ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၈) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၉) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၁၀) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပြန်ကြားရေးဝန်ကြီးဌာန

(န) **သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) သတင်းရယူမည့် မီဒီယာများအား ဖိတ်ကြားခြင်း၊ မှတ်ပုံတင်ခြင်း ပြုလုပ်ရန်၊

(၂) ဖိတ်ကြားထားသည့် သတင်းမီဒီယာများအနေဖြင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး ကြီးကြပ်ရန်၊

(၃) အခမ်းအနားတွင် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှု ဗီဒီယို Clip ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(၄) အခမ်းအနားတွင် တက်ရောက်မည့် နိုင်ငံခြားသားများအတွက် Translator စီစဉ်ရန်နှင့် Head Set များ အလုံအလောက်ရရှိရေး MICC-I မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၅) သတင်းရုပ်ရှင်၊ ရုပ်သေဓာတ်ပုံများ ရယူထိန်းသိမ်းရန်နှင့် ရုပ်သံမီဒီယာများမှ ရိုက်ကူး၊ တည်းဖြတ်၊ ထုတ်လွှင့်ခြင်းများကို ကြီးကြပ်ဆောင်ရွက်ရန်၊

(၆) အခမ်းအနားတွင် ဆွေးနွေးမှုမှတ်တမ်းများ ရယူထိန်းသိမ်းရန်နှင့် လုံးကောက်ဖော်၍ ထိန်းသိမ်းရန်၊ အခမ်းအနားသတင်းကို ထုတ်ပြန်ရေး ဆောင်ရွက်ရန်၊

(၇) အခမ်းအနားအပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရန်နှင့် ရိုက်ကူးမည့် အစီအစဉ်၊ နေ့ရက်၊ အချိန်၊ ထိုင်ခုံနေရာချထားမှုပုံစံများကို အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(၈) အခမ်းအနားမှတ်တမ်းစာအုပ် ပြုစုထုတ်ဝေရန်၊

(၉) ဓာတ်ပုံပြခန်းတွင် NCA ပေါ်ပေါက်ရေး ဆွေးနွေးကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ NCA သဘောတူလက်မှတ်ရေးထိုးပွဲအခမ်းအနား၊ NCA လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်မှုများ (မှတ်တမ်းနှင့် စာအုပ်စာတမ်းများ၊ မှတ်တမ်းဓာတ်ပုံများ စသည်ဖြင့်) ခင်းကျင်းပြသရန်၊

(၁၀) မှတ်တမ်းဓာတ်ပုံနှင့် မှတ်တမ်း (Movie) များအား LED ဘုတ်ဖြင့် ပြသနိုင်ရေး စီမံဆောင်ရွက်ရန်၊

(၁၁) နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများတွင် ဆောင်ရွက်ပေးခဲ့မှုများအား ပြသရန်၊

(၁၂) အခမ်းအနားမှူးများ ရွေးချယ်တာဝန်ပေးအပ်ရန်။

(ပ) **NCA အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် — ဥက္ကဋ္ဌ
အတွင်းရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး
ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(၂) ဒေါက်တာ ဇော်ဦး — အဖွဲ့ဝင်
စီးပွားရေးသုတေသီ

(၃) ဦးအောင်နိုင်ဦး — အဖွဲ့ဝင်
ငြိမ်းချမ်းရေးလေ့လာသုံးသပ်သူ

| | | |
|---|---|---|
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးမင်းညို၀င်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy | အဖွဲ့ဝင် |
| (၉) | ဦးဖြိုးကျော်သူ<br>ညွှန်ကြားရေးမှူး<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးနေဟိန်း<br>ညွှန်ကြားရေးမှူး<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး (MICC-I)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၂) | ဦးအောင်ကျော်မိုး<br>ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အတွင်းရေးမှူး |

**( ဖ ) NCA အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ဆွေးနွေးပွဲတက်ရောက်သူများ ခန်းမအတွင်း အချိန်မီရောက်ရှိရေး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) ဆွေးနွေးပွဲအတွင်း သဘာပတိများ၊ Keynote Speaker များ၏ လိုအပ်ချက်များအား ပံ့ပိုးကူညီပေးရန်၊

(၃) အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် အကြောင်းအရာနှင့်ပတ်သက်၍ လိုအပ်သည်များ ပြင်ဆင်ရန်၊

(၄) အလုပ်ရုံဆွေးနွေးပွဲကျင်းပမည့် အစီအစဉ်ရေးဆွဲထားရှိရန်၊

(၅) အလုပ်ရုံဆွေးနွေးပွဲ ထိုင်ခုံခင်းကျင်းရေးနှင့် ကြိုဆိုနေရာချထားရေးအတွက် အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ခန်းမတွင်း နေရာချထားရေးလုပ်ငန်းကော်မတီတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(၆) ဆွေးနွေးချက်အနှစ်ချုပ်ပြုစုရန်။

**( ဗ ) ဘဏ္ဍာရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(ဘ) **ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီး၏ ခန့်မှန်းကုန်ကျစရိတ်များ ကြိုတင်တောင်းခံပြီး အခမ်းအနားကျင်းပရေးဦးစီးကော်မတီသို့ တင်ပြရန်နှင့် ဦးစီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကြိုတင်ငွေများထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၂) ကော်မတီအလိုက် တင်ပြလာသော အမှန်တကယ်ကုန်ကျသည့် အသုံးစရိတ်များအား စိစစ်ချက်များနှင့်အတူ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီသို့ တင်ပြရန်၊

(၃) ဘဏ္ဍာငွေများ အလေအလွင့်မရှိစေဘဲ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျသုံးစွဲနိုင်ရေးနှင့် သုံးစွဲပြီးသည့် ငွေစာရင်းရှင်းတမ်းအား သတ်မှတ်ကာလအတွင်း ရှင်းလင်းတင်ပြနိုင်ရေးတို့အတွက် လုပ်ငန်းကော်မတီအသီးသီးနှင့် ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်ရန်၊

(၄) ဘဏ္ဍာရေးဆိုင်ရာမူဝါဒများကို လိုအပ်ပါက ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းကော်မတီအသီးသီးသို့ ဖြန့်ဝေသွားရန်။

(မ) **အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း) — ဥက္ကဋ္ဌ
အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး
ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(၂) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၉) ဦးစိုးကျော်သူ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၁၀) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ယ) **အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ အခမ်းအနား အစီအစဉ်အတိုင်း အစီအစဉ်တကျ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(၂) မုခ်ဦးဖွင့်လှစ်မှုနှင့် ဖဲကြိုးဖြတ်အခမ်းအနားအစီအစဉ်အား ကြီးကြပ်ကွပ်ကဲရန်၊

(၃) အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး အကြိုဇာတ်တိုက်လေ့ကျင့်မှုများအား ကြီးကြပ် ဆောင်ရွက်ရန်၊

(၄) အခမ်းအနားအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် အခမ်းအနားမှူးများ၊ တင်ပြဖျော်ဖြေ တင်ဆက်မှုများ၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရေးတို့အား တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းကော်မတီများအား ကြီးကြပ်ဆောင်ရွက်ရန်၊

(၅) မူလသတ်မှတ်ထားသောအခမ်းအနားအစီအစဉ်များအပြောင်းအလဲဖြစ်ပေါ်ပါကသက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးသို့ အချိန်မီအသိပေး၍ ပြင်ဆင်သည့်အခမ်းအနား အစီအစဉ် အတိုင်း ဆောင်ရွက်နိုင်ရေး ကြီးကြပ်သွားရန်။

၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီများအနေဖြင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဆုံးဖြတ်ချက်ရယူလိုသည့်ကိစ္စရပ်များ အတွက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီထံ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ဥက္ကဋ္ဌ
တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့်
နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်း**

၁။ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၊ပုဒ်မခွဲ (က)အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၂၅ ဖြင့် ဖွဲ့စည်း ပေးခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီတွင် အောက်ဖော်ပြပါ ပြင်ပမှ သင့်လျော်သည့် ပညာရှင်ပုဂ္ဂိုလ် (၂) ဦးတို့အား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) နှင့်အညီ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဦးလှမြင့် | မြို့ပြအုပ်ချုပ်ရေးကိစ္စများဆိုင်ရာပြင်ပ ပညာရှင် |
| (ခ) | ဦးခင်မောင်ဗိုလ် | မြေယာဆိုင်ရာပြင်ပ ပညာရှင် |

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မင်းနောင်
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားစံချိန်စံညွှန်းကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

**မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း**

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၇၃) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်လိုက်သည်-

**စဉ်　မြန်မာစံချိန်စံညွှန်းများ**

၁။ MMS IEC 60255-1:2022 တိုင်းတာမှုရီလေးများနှင့် ကာကွယ်မှုဆိုင်ရာပစ္စည်းကိရိယာ- အပိုင်း (၁) အခြေခံလိုအပ်ချက်များ

၂။ MMS IEC 60270:2000+AMD1-:2015 ဗို့အားမြင့်စမ်းသပ်ခြင်းဆိုင်ရာ နည်းစနစ်များ- တစ်စိတ်တစ်ပိုင်း လျှပ်စစ်ထုတ်လွှတ်မှုအတွက် တိုင်းတာခြင်းများ

၃။ MMS IEC 60364-7-712:2017 ဗို့အားနိမ့်လျှပ်စစ်တပ်ဆင်ခြင်းများ-အပိုင်း (၇-၇၁၂) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် တည်နေရာများအတွက် လိုအပ်ချက်များ-ဆိုလာဖိုတိုဗို့လ်တစ် လျှပ်စစ်ဓာတ်အားပေးရေးစနစ်များ

၄။ MMS IEC 61010-1:2010+AMD1:2016 CSV တိုင်းတာခြင်း၊ ထိန်းချုပ်ခြင်းနှင့် ဓာတ်ခွဲခန်း အသုံးပြုခြင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းကိရိယာများအတွက် အန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များ- အပိုင်း (၁) အထွေထွေလိုအပ်ချက်များ

၅။ MMS IEC 61853-1:2011 ဖိုတိုဗို့လ်တစ် မော်ဂျူးစွမ်းဆောင်မှု စမ်းသပ်ခြင်းနှင့် စွမ်းအင်သတ်မှတ်ချက်- အပိုင်း (၁) နေရောင်ခြည်ကျရောက်မှုနှင့် အပူချိန်စွမ်းဆောင်ရည် တိုင်းတာခြင်းနှင့် စွမ်းအားသတ်မှတ်ခြင်း

၆။ MMS IEC 62109-1:2010 ဖိုတိုဗို့လ်တစ်လျှပ်စစ်ဓာတ်အားစနစ်များတွင် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားလျှပ်မျိုးပြောင်းကိရိယာများအတွက် အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၁) အထွေထွေလိုအပ်ချက်များ

၇။ MMS IEC 62305-1:2024 မိုးကြိုးအန္တရာယ်မှ ကာကွယ်ခြင်း- အပိုင်း (၁) အထွေထွေစည်းမျဉ်းများ

၈။ MMS IEC 62305-3:2024 မိုးကြိုးအန္တရာယ်မှ ကာကွယ်ခြင်း- အပိုင်း (၃) အဆောက်အဦပျက်စီးမှုနှင့် လူ့အသက်အန္တရာယ်

၉။ MMS IEC 62446-2:2020 ဖိုတိုဗို့လ်တစ်စနစ်များ စမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် လိုအပ်ချက်များ- အပိုင်း (၂) လျှပ်စစ်ဓာတ်အားကွန်ရက်ချိတ်ဆက်ခြင်းစနစ်များ- ဖိုတိုဗို့လ်တစ်စနစ်များ၏ ပြုပြင်ထိန်းသိမ်းခြင်း

၁၀။ MMS IEC TS 62446-3:2017 ဖိုတိုဗို့လ်တစ်စနစ်များ စမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် လိုအပ်ချက်များ- အပိုင်း (၃) ဖိုတိုဗို့လ်တစ် မော်ဂျူးများနှင့် ဖိုတိုဗို့လ်တစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများ-အပြင်ဘက် အနီအောက်ရောင်ခြည်အပူပုံရိပ်ဖမ်းတိုင်းတာခြင်း

၁၁။ MMS IEC 62548-1:2023 စုစည်းတည်ဆောက်ထားသော ဖိုတိုဗို့လ်တစ်- အပိုင်း (၁) ဒီဇိုင်းလိုအပ်ချက်များ

၁၂။ MMS IEC 62930:2017 ဗို့အားသတ်မှတ်ချက် ဒီစီ ၁.၅ ကီလိုဗို့ရှိသော ဖိုတိုဗို့လ်တစ်စနစ်များအတွက် လျှပ်စစ်ကေဘယ်လ်ကြိုးများ

၁၃။ MMS IEC 62933-5-1:2024 လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များ- အပိုင်း (၅-၁) လျှပ်စစ်ဓာတ်အားကွန်ရက်စနစ်နှင့် ချိတ်ဆက်ထားသော လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များအတွက် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

၁၄။ MMS IEC 62933–5–2:2020 လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များ– အပိုင်း (၅–၂) လျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်နှင့် ချိတ်ဆက်ထားသော လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များအတွက် အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

၁၅။ MMS IEC 62933–5–3:2023 လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များ– အပိုင်း (၅–၃) လျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်နှင့် ချိတ်ဆက်ထားသော လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်အတွက် အန္တရာယ်ကင်းရှင်းခြင်း ဆိုင်ရာလိုအပ်ချက်များ – လျှပ်စစ်ဓာတုဗေဒ အခြေခံစနစ်အတွက် မွမ်းမံပြင်ဆင်မှုများလုပ်ဆောင်ခြင်း

၁၆။ MMS IEC 63112:2021 စုစည်းတည်ဆောက်ထားသော ဖိုတိုဗို့လ်တစ်– မြေဓာတ်ကျအပြစ်ကာကွယ် ခြင်းဆိုင်ရာကိရိယာ– အန္တရာယ်ကင်းရှင်းရေးနှင့် အန္တရာယ်ကင်းရှင်းမှုနှင့် သက်ဆိုင်သည့် လုပ်ဆောင် ချက်များ

၁၇။ MMS CXS 72:1981 နို့စို့ကလေးအတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်၊ ကျန်းမာရေး အတွက် ဖော်စပ်စာနှင့် ဖော်စပ်ဖြည့်စွက်စာ စံချိန်စံညွှန်း

၁၈။ MMS CXS 73:1981 နို့စို့ကလေးငယ်အတွက် စည်သွတ်ထားသော အစားအသောက်စံချိန်စံညွှန်း

၁၉။ MMS CXS 108:1981 သဘာဝတွင်းထွက်ရေစံချိန်စံညွှန်း

၂၀။ MMS CXS 150:1985 အစားအသောက်သုံး ဆားစံချိန်စံညွှန်း

၂၁။ MMS CXS 180:1991 ကျန်းမာရေးအတွက် ရည်ရွယ်သော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းနှင့် အညွှန်းစာစံချိန်စံညွှန်း

၂၂။ MMS CXS 250:2006 ဟင်းသီးဟင်းရွက်အဆီနှင့် အဆီထုတ်ထားသော နို့အရောစံချိန်စံညွှန်း

၂၃။ MMS ISO/TS 22002–1:2009 အစားအစာဘေးကင်းရေးဆိုင်ရာ ကြိုတင်လိုအပ်ချက်အစီအစဉ်များ– အပိုင်း (၁)– အစားအစာထုတ်လုပ်ရေးလုပ်ငန်းများ

၂၄။ MMS ISO/TS 22002–3:2011 အစားအစာဘေးကင်းရေးဆိုင်ရာ ကြိုတင်လိုအပ်ချက်အစီအစဉ်များ– အပိုင်း (၃)– စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ

၂၅။ MMS UNECE R 117:2016 တာယာမှ ဆူညံသံထွက်မှု၊ စိုစွတ်မှုတွင် ကပ်တွယ်နိုင်မှု၊ ခုခံနိုင်မှုတို့နှင့် စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းအမှတ်–၁၁၇

၂၆။ MMS UNECE R 142:2017 မော်တော်ယာဉ်တွင် တာယာတပ်ဆင်ခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီ ပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းအမှတ်–၁၄၂

၂၇။ MMS ISO 10002:2018 အရည်အသွေးစီမံခန့်ခွဲမှု–စားသုံးသူ/ သုံးစွဲသူစိတ်ကျေနပ်မှု–အဖွဲ့အစည်းများတွင် တိုင်တန်းမှုများကိုင်တွယ်ခြင်းအတွက် လမ်းညွှန်ချက်များ

၂၈။ MMS ISO 10006:2017 စီမံကိန်းများအတွက် အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်မှုများ

၂၉။ MMS ISO 10007:2017 အရည်အသွေးစီမံခန့်ခွဲမှု–အစိတ်အပိုင်းဖွဲ့စည်းမှုစီမံခန့်ခွဲရေးလမ်းညွှန်ချက်

၃၀။ MMS 56:2025 ပဲတီစိမ်းစံချိန်စံညွှန်း

၃၁။ MMS ASEAN STAN 58:2018 အုန်းသီးအရင့် စံချိန်စံညွှန်း

၃၂။ MMS 58:2025 *Aloe vera* L.Burm.f. ရှားစောင်းလက်ပပ်

၃၃။ MMS 59:2025 *Morinda citrifolia* L. ရဲယို

၃၄။ MMS 60:2025 *Adhatoda vasica* Nees. မုရားကြီး

၃၅။ MMS 61:2025 *Brucea javanica* (L.) Merr. ရာတန်စေ့

၃၆။ MMS 62:2025 *Alstonia scholaris* (L.) R. Br. တောင်မုရိုး/ တောင်မဲအုပ်

၃၇။ MMS 57:2025 ရေရှည်တည်တံ့သော မြန်မာ့သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

၃၈။ MMS ISO 756–1:1981 စက်မှုလုပ်ငန်းသုံး ပရိုပနော– စမ်းသပ်ခြင်းနည်းစဉ် အပိုင်း (၁) – အထွေထွေ

၃၉။ MMS ISO 2992:1974 စက်မှုလုပ်ငန်းသုံး အမိုနီယမ်ဆာလဖိတ် – သံဓာတ်ပါဝင်မှုကို တိုင်းတာခြင်း– 2,2ˈ–ဘိုင်ပါရာဒိုင်းဖိုတိုမက်ထရစ်နည်းစဉ်

၄၀။ MMS ISO 2993:1974 စက်မှုလုပ်ငန်းသုံး အမိုနီယမ်ဆာလဖိတ် – Free acidity ပါဝင်မှုကို တိုင်းတာခြင်း– ထုထည်တိုင်း ဓာတ်ခွဲနည်းစဉ်

၄၁။ MMS ISO 3107:2022 သွားဘက်ဆိုင်ရာလုပ်ငန်း – ဇင့်အောက်ဆိုဒ် – eugenol zinc oxide cements and non–eugenol cements

၄၂။ MMS ISO 3332:1975 စက်မှုလုပ်ငန်းသုံး အမိုနီယမ်ဆာလဖိတ် – အမိုနီယာကယ်လ်နိုက်ထရိုဂျင် ပါဝင်မှုကို တိုင်းတာခြင်း– ပေါင်းခံပြီး ထုထည်တိုင်း ဓာတ်ခွဲနည်းစဉ်

၄၃။ MMS ISO 7103:1982 စက်မှုလုပ်ငန်းသုံး အင်ဟိုက်ဒရပ်စ်အမိုးနီးယားအရည် – နမူနာယူခြင်း – ဓာတ်ခွဲခန်း နမူနာရယူပြင်ဆင်ခြင်း

၄၄။ MMS ISO 7105:1985 စက်မှုလုပ်ငန်းသုံး အင်ဟိုက်ဒရပ်စ်အမိုးနီးယားအရည် – ရေပါဝင်မှုကို တိုင်းတာခြင်း– Karl Fischer နည်းစဉ်

၄၅။ MMS ISO 7106:1985 စက်မှုလုပ်ငန်းသုံး အင်ဟိုက်ဒရပ်စ်အမိုးနီးယားအရည် – ဆီပါဝင်မှုကို တိုင်းတာခြင်း– ထုထည်တိုင်း ဓာတ်ခွဲနည်းစဉ်နှင့် အနီအောက်ရောင်စဉ် တိုင်းတာခြင်းနည်းစဉ်

၄၆။ MMS ISO 8174:1986 စက်မှုလုပ်ငန်းသုံး အီသိုင်လင်းနှင့် ပရိုပိုင်လင်း – အက်စီတုန်း၊ အက်စီတိုနိုင်ထရိုင်း၊ ပရိုပနောနှင့် မက်သနောပါဝင်မှုကို တိုင်းတာခြင်း – ဓာတ်ငွေ့ခရိုမာတိုဂရပ်ဖစ်နည်းစဉ်

၄၇။ MMS ISO 53:1998 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများ တွင် အသုံးပြုသည့် ဆလင်ဒါပုံဂီယာများ– စံအခြေခံ rack tooth ပုံသဏ္ဍာန်

၄၈။ MMS ISO 54:1996 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများ တွင် အသုံးပြုသည့် ဆလင်ဒါပုံဂီယာများ– မော်ဂျူးများ

၄၉။ MMS ISO 76:2006+Amd 1:2017 Rolling bearing များ– တည်မြဲဝန်အားအဆင့် သတ်မှတ်ချက်များ

၅၀။ MMS ISO 113:2010 Rolling bearing များ– Plummer block housing များ– အတိုင်းအတာသတ်မှတ်ချက်များ

၅၁။ MMS ISO 199:2023 Rolling bearing များ– Thrust bearing များ– ဂျီသြမေတြီဆိုင်ရာ ထုတ်ကုန်အသေးစိတ် အချက်အလက်များနှင့် ခွင့်ပြုနိုင်သည့် တန်ဖိုးများ

၅၂။ MMS ISO 355:2019 Rolling bearing များ– Tapered roller bearing များ– အတိုင်းအတာသတ်မှတ် ချက်များနှင့် စီးရီးအလိုက်အမှတ်အသားများ

၅၃။ MMS ISO 582:1995+Amd 1:2013 Rolling bearing များ – Chamfer အတိုင်းအတာများ– အများဆုံးတန်ဖိုး

၅၄။ MMS ISO 677:1976 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုသည့် Straight bevel ဂီယာများ– အခြေခံဂီယာသွားပုံစံ

၅၅။ MMS ISO 678:1976 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်း များတွင် အသုံးပြုသည့် Straight bevel ဂီယာများ– မော်ဂျူးနှင့်အချင်းပေါ် မူတည်သည့်ဂီယာသွား အကွာအဝေးအတိုင်းအတာများ

၅၆။ MMS ISO 3069:2000 End–suction centrifugal pump များ– စက်အရစ်ပိတ်များနှင့် Soft packing များအတွက် အခေါင်းပေါက်များ၏ အတိုင်းအတာများ

၅၇။ MMS ISO 3661:1977 End–suction centrifugal pump များ– အောက်ခံပြားနှင့် တပ်ဆင်မှုအတိုင်းအတာများ

၅၈။ MMS ISO 5198:1987 ဗဟိုခွာ၊ ရောစပ်စီးဆင်းမှုနှင့် ဝင်ရိုးတည့်ပန့်များ – ဟိုက်ဒရောလစ်စွမ်းဆောင်ရည် စမ်းသပ်မှုများအတွက်လုပ်ထုံးလုပ်နည်း– တိကျမှုအဆင့်

၅၉။ MMS ISO 5593:2023 Rolling bearing များ–ဝေါဟာရများ

၆၀။ MMS ISO 9905:1994+Amd 1:2011+Cor 1:2005 ဗဟိုခွာပန့် (Centrifugal Pump) များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ– အတန်းအစား ၁– ပြင်ဆင်ချက် ၁

၆၁။ MMS ISO 9906:2012 ရိုတိုဒိုင်းနမစ်ပန့်များ–ဟိုက်ဒရောလစ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ခွင့်ပြုလက်ခံသည့် စမ်းသပ်မှုများ–အဆင့်သတ်မှတ်ချက် ၁၊ ၂ နှင့် ၃

၆၂။ MMS ISO 9908:1993+Amd 1:2011 Centrifugal Pump များအတွက် နည်းပညာဆိုင်ရာ အသေးစိတ် ဖော်ပြချက်များ – အတန်းအစား ၃

၆၃။ MMS ISO/ASME 14414:2019 ပန့်စနစ် စွမ်းအင်အကဲဖြတ်ခြင်း

၆၄။ MMS ISO 11485–1:2011 အဆောက်အဦများတွင် အသုံးပြုသော မှန်– မှန်အကွေး– အပိုင်း ၁: ဝေါဟာရနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၆၅။ MMS ISO 11485–2:2011 အဆောက်အဦများတွင် အသုံးပြုသော မှန်– မှန်အကွေး– အပိုင်း ၂: ဝေါဟာရနှင့် အရည်အသွေးဆိုင်ရာလိုအပ်ချက်များ

၆၆။ MMS ISO 11485–3:2014 အဆောက်အဦများတွင် အသုံးပြုသော မှန်– မှန်အကွေး– အပိုင်း ၃: ဘေးကင်းရန် စီမံထားသည့် အားဖြည့်မှန်အကွေးနှင့် လွှာထပ်မှန်အကွေးတို့အတွက် လိုအပ်ချက်များ

၆၇။ MMS 63:2025 မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ စံချိန်စံညွှန်း

၆၈။ MMS ISO 15189:2022 ဆေးပညာဆိုင်ရာဓာတ်ခွဲခန်းများ – အရည်အသွေးနှင့် ကျွမ်းကျင်မှုအတွက် လိုအပ်ချက်များ

၆၉။ MMS ISO 15195:2018 ဓာတ်ခွဲခန်းဆိုင်ရာဆေးပညာ – ကိုးကားတိုင်းတာသည့် နည်းလမ်းများကို အသုံးပြု၍ စံကိုက်ညှိတိုင်းတာခြင်း ဓာတ်ခွဲခန်းများ၏ အရည်အသွေးဆိုင်ရာ လိုအပ်ချက်များ

၇၀။ MMS ISO/IEC TS 17021–15:2023 စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေး စစ်ဆေးခြင်းဆောင်ရွက်သော အဖွဲ့များအတွက် အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းဆိုင်ရာ လိုအပ်ချက်များ– အပိုင်း (၁၅)– ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများအတွက် စီမံခန့်ခွဲမှုစနစ် ဆိုင်ရာ အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်ချက်များ

၇၁။ MMS ISO 22095:2020 ချိတ်ဆက်ဆောင်ရွက်ရန်ကွင်းဆက်– အထွေထွေဝေါဟာရများနှင့် ပုံစံများ

၇၂။ MMS ISO 22367:2020 ဆေးပညာဆိုင်ရာဓာတ်ခွဲခန်းများ– ဆေးပညာဆိုင်ရာဓာတ်ခွဲခန်းများတွင် အန္တရာယ်များကို စီမံခန့်ခွဲမှုပြုလုပ်ခြင်း

၇၃။ MMS ISO /IEC TS 27006–2:2021 သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ် ချက်များ– အပိုင်း (၂) – ကိုယ်ရေးကိုယ်တာအချက်အလက်စီမံခန့်ခွဲမှုစနစ်များ

ဒေါက်တာ မျိုးသိန်းကျော်
ဥက္ကဋ္ဌ
အမျိုးသားစံချိန်စံညွှန်းကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

### ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၅၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့် ကြီးကြပ်ကွပ်ကဲရေးတို့အတွက် ဘက်စုံပို့ဆောင်ရေး ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန် (ပို့ဆောင်ရေး)<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမှုဆောင်အရာရှိချုပ်<br>မြန်မာအမျိုးသားလေကြောင်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဌ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဍ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့အာမခံလုပ်ငန်း
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(န) အလုပ်အမှုဆောင်အဖွဲ့ဝင် — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

(ပ) အလုပ်အမှုဆောင်အဖွဲ့ဝင် — အဖွဲ့ဝင်
မြန်မာနိုင်ငံသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်း
စီမံဆောင်ရွက်မှုအသင်းချုပ် (MTLF)

(ဖ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး
ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA)

(ဗ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဘ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၃။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၄/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

**လေ့ကျင့်သင်ကြားရေးဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **လေ့ကျင့်သင်ကြားရေးဆိုင်ရာ လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | လက်ထောက်စစ်ရေးချုပ်၊ စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ လေ့ကျင့်သင်ကြားရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများကို နုတ်ထွက်ခွင့်ပြုချိန်တွင် ၎င်းတို့ဆန္ဒပြုသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို တက်ရောက်သင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးရန်၊

(ခ) ဝန်ကြီးဌာနများတွင် သင်ကြားပေးသည့်ဘာသာရပ်များ တူညီနေပါက သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းများ တူညီစေရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဂ) သင်ကြားမည့် ဘာသာရပ်နှင့်ပတ်သက်၍ ရှိသင့်ရှိထိုက်သည့် စံသတ်မှတ်ချက်များကို လျှော့ပေါ့ခေါ်ဆို သင်ကြားခြင်းမပြုရန်၊ (ဥပမာ– ပညာအရည်အချင်း သတ်မှတ်ချက်၊ သင်တန်းကာလ၊ သင်ရိုးညွှန်းတမ်းများ)

(ဃ) ရန်သူ့ကြောင့် မသန်မစွမ်းဖြစ်မှု EA (1)၊ EA (2)နှင့် NEA ဖြစ်ခဲ့သည့် အမြဲတမ်းစစ်မှုထမ်းနှင့် ပြည်သူ့စစ်မှုထမ်းများအား ဆေးကုသမှုခံယူပြီး သင်တန်းတက်ရောက်နိုင်သည့် ကျန်းမာရေးအခြေအနေရှိလာသည့်အခါ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အသက်မွေးမှုအတတ်ပညာသင်စခန်းများတွင် တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်၊

(င) သင်တန်းဆင်းပြီးချိန်တွင် အလုပ်အကိုင်ရရှိစေရေး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ကာလတိုသင်တန်းများအတွက် ကြိုတင်ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) သင်တန်းများကို အသိအမှတ်ပြု လက်မှတ်ရရုံမဟုတ်ဘဲ အမှန်တကယ် လုပ်ငန်းခွင်တွင် အသုံးချနိုင်သည်အထိ အဆင့်မီစွာ သင်ကြားလေ့ကျင့်ပေးရန်၊

(ဆ) သင်တန်းတက်ရောက်အောင်မြင်ပြီးပါက အသိအမှတ်ပြုလက်မှတ် (Certificate of Recognition) ထုတ်ပေးရန်နှင့် အထူးပြုဘာသာရပ်ကို တိကျစွာဖော်ပြပေးရန်။

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

## ပြည်တွင်းအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **ပြည်တွင်းအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | အဆင့်မြင့်အရာထမ်းတစ်ဦး<br>(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ) | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပြည်တွင်းအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်–

(က) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများကို နုတ်ထွက်ခွင့်ပြုချိန်တွင် ၎င်းတို့ဆန္ဒပြုသည့် အလုပ်များတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက ခန့်အပ်နိုင်ရေး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ခ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို တက်ရောက်သင်ကြားလျက်ရှိသည့် အမြဲတမ်း စစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများ၊ ရန်သူ့ကြောင့် မသန်မစွမ်းဖြစ်မှု EA (1)၊ EA (2) နှင့် NEA များကို သင်တန်းဆင်းချိန်တွင် ၎င်းတို့ ဆန္ဒပြုသော အလုပ် အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်ထားပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဂ) ကာလတိုသင်တန်းများအတွက် လုပ်ငန်းကော်မတီအချင်းချင်း ကြိုတင်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးရန်၊

(ဃ) အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများ နုတ်ထွက်ခွင့်ပြုချိန်တွင် ပြန်လည်နေရာချထားမှု ခံယူလိုသူများအား ၎င်းတို့အရည်အချင်းနှင့် ကိုက်ညီပြီးဆန္ဒပြုသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသက်မွေးသင်တန်းများ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(င) အဆိုပါ ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား တက်ရောက်အောင်မြင်ခဲ့သည့် အသက်မွေးသင်တန်းကျောင်းများမှ အသိအမှတ်ပြုလက်မှတ် (Certificate of Recognition) ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(စ) အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများ နုတ်ထွက်ခွင့်ပြုချိန်တွင် ပြန်လည်နေရာချထားမှု ခံယူလိုသူများကို အလုပ်အကိုင်လျှောက်ထားရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားတင်ပြစေပြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနက ပြည်တွင်းအလုပ်သမားမှတ်ပုံတင်ကတ်ပြားများကို စိစစ်ထုတ်ပေးရန်၊

(ဆ) တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများအနေဖြင့် စစ်မှုမထမ်းဆောင်ကာလက ထမ်းဆောင်ခဲ့သော အလုပ်အကိုင်၊ လုပ်ငန်းနေရာများကို ၎င်းတို့ဆန္ဒအလျောက် ပြန်လည်လုပ်ကိုင် လိုပါက ခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်။

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

## ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။　စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ည) | ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။　ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများကို နုတ်ထွက်ခွင့်ပြုချိန်တွင် ၎င်းတို့ဆန္ဒပြုသည့် အလုပ်များတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ခ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို တက်ရောက်သင်ကြားလျက်ရှိသည့် အမြဲတမ်း စစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသောပြည်သူ့စစ်မှုထမ်းများ သင်တန်းဆင်းချိန်တွင် ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနှင့်အညီ ခန့်ထားပေး နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဂ) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဆန္ဒနှင့်အညီ ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်

ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်သွယ်ဆောင်ရွက်ပေးရန်၊

(ဃ) ထိုသို့ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ အလုပ်လုပ်ကိုင်မည့် နိုင်ငံအလိုက် ပြည်ပ အလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းများတက်ရောက်ခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ် (Overseas Worker Identification Card – OWIC) ပြုလုပ်ပေးခြင်းများကို လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်သွယ်ဆောင်ရွက်ပေးရန်၊

(င) ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ဂုဏ်သိက္ခာရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အေဂျင်စီ များရွေးချယ်ပြီး သွားရောက်အလုပ်လုပ်ကိုင်မည့် အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများအတွက် ဝန်ဆောင်ခသက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ ကုန်ကျစရိတ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်။

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၅)

## အသက်မွေးဝမ်းကျောင်းပညာရပ်များအား လက်တွေ့အသုံးချနိုင်ရေး ရင်းနှီးမြှုပ်နှံမှုထုတ်ချေးရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **အသက်မွေးဝမ်း ကျောင်းပညာရပ်များအား လက်တွေ့အသုံးချနိုင်ရေး ရင်းနှီးမြှုပ်နှံမှုထုတ်ချေးရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂ) ညွှန်ကြားရေးမှူးချုပ်<br>စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီ<br>ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်

(ဈ) ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ အသက်မွေးဝမ်းကျောင်းပညာရပ်များအား လက်တွေ့အသုံးချနိုင်ရေး ရင်းနှီးမြှုပ်နှံမှုထုတ်ချေးရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်အောင်မြင်ပြီးသော်လည်း လက်တွေ့ လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ငွေကြေးအရင်းအနှီး လိုအပ်သူများကို သတ်မှတ်ချက်များနှင့် အညီ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးနိုင်ရေး စနစ်တကျဆောင်ရွက်ပေးနိုင်ရန်၊

(ခ) ဦးစီးကော်မတီ၏ မူလရည်ရွယ်ချက်အောင်မြင်စေရေး၊ ရင်းနှီးမတည်ငွေများ ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(ဂ) စစ်မှုထမ်းသင်တန်းဆင်းစာရင်းများရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဃ) အဖွဲ့ဝင်ဌာနများ၏ စီမံကိန်းလုပ်ငန်းများရှိသော မြို့နယ်၊ ကျေးရွာများစာရင်းတွင် စစ်မှုထမ်းပြီးသူများ ရှိ မရှိ စာရင်းတိုက်ဆိုင်စစ်ဆေးရန်၊

(င) စစ်မှုထမ်းပြီးသူများအနက် သင်တန်းမတက်ရသေးသူများအား သင်တန်းတက်နိုင်ရေး စီစဉ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်၊

(စ) ချေးငွေအရင်းအနှီးများ ထုတ်ချေးပေးရာတွင် ထုတ်ချေးသူများ စာရင်းမထပ်စေရေး စိစစ်ဆောင်ရွက်ရန်၊

(ဆ) ချေးငွေများထုတ်ချေးရာတွင် သတ်မှတ်ချက်များနှင့်အညီ အကျုံးဝင်မှု ရှိ မရှိ စစ်ဆေးဆောင်ရွက်ရန်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)

## အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | တွဲဖက်စစ်ရေးချုပ်၊ စစ်ရေးချုပ်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ည) | လက်ထောက်စစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး | အတွင်းရေးမှူး |

၂။ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများကို နုတ်ထွက်ခွင့်ပြုချိန်တွင် ၎င်းတို့ဆန္ဒပြုသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းကျောင်းများသို့ သွားရောက်ရန်အတွက် စုရပ်နေရာများသတ်မှတ်၍ သင်တန်းကျောင်းများသို့ ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်ရန်၊

(ခ) စုရပ်မှ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများသို့ မပို့ဆောင်ရသေးမီ နေထိုင်၊ စားသောက်ရေး ကိစ္စရပ်များ စီမံဆောင်ရွက်ပေးရန်၊

(ဂ) စုရပ်မှ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများသို့ ပို့ဆောင်ရာတွင် အုပ်ချုပ်မှုလျော့နည်း ဖြစ်စဉ်များ မဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(ဃ) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများ၊ ရန်သူ့ကြောင့် မသန်မစွမ်းဖြစ်မှု EA (1)၊ EA (2)နှင့် NEA များကို သက်ဆိုင်ရာ အလုပ်အကိုင်နေရာဌာနများသို့ သွားရောက်သည့်အချိန်တွင် လိုအပ်သည့်အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ပေးရန်၊

( င ) စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား နုတ်ထွက်ခွင့်ပြုချိန်တွင် အသက်မွေးမှုအတတ်ပညာသင်တန်းများတက်ရောက်လိုသူနှင့် ဆန္ဒအလျောက် ပြန်လည်နေရာချထားမှုခံယူလိုသောသူများ၊ မိမိတို့ဒေသတွင် ပြန်လည်၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လိုသူများစာရင်းအား ပြုစုပေးရန်။

ဗိုလ်ချုပ်ကြီး မောင်မောင်အေး
ဥက္ကဋ္ဌ
စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ ကြိုတင်ခွင့်ပြုချက်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအား ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/အဖွဲ့အစည်း (၁၃) ခုဖြင့် အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| စဉ် | ဌာန | အင်အား | | |
|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | ပေါင်း |
| ၁ | ပြည်ထောင်စုဝန်ကြီးရုံး | ၅၇ | ၁၂၅ | ၁၈၂ |
| ၂ | မြန်မာ့စီးပွားရေးဘဏ် | ၈၄၄ | ၁၁၉၅၆ | ၁၂၈၀၀ |
| ၃ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၁၁၈ | ၆၄၀ | ၇၅၈ |
| ၄ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | ၁၁၂ | ၂၄၈ | ၃၆၀ |
| ၅ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၄၀၀ | ၄၁၈၇ | ၄၅၈၇ |
| ၆ | မြန်မာ့အာမခံလုပ်ငန်း | ၂၈၇ | ၁၁၀၆ | ၁၃၉၃ |
| ၇ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၃၄၂ | ၆၅၅ | ၉၉၇ |
| ၈ | ငွေတိုက်ဦးစီးဌာန | ၁၈၁ | ၃၄၇ | ၅၂၈ |
| ၉ | ပြည်တွင်းအခွန်များဦးစီးဌာန | ၂၂၁၈ | ၆၇၆၇ | ၈၉၈၅ |
| ၁၀ | အကောက်ခွန်ဦးစီးဌာန | ၈၄၃ | ၄၃၅၇ | ၅၂၀၀ |
| ၁၁ | ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | ၂၂၉ | ၄၂၀ | ၆၄၉ |
| ၁၂ | ပင်စင်ဦးစီးဌာန | ၁၂၄ | ၄၂၉ | ၅၅၃ |
| ၁၃ | ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး | ၆၈ | ၅၂ | ၁၂၀ |
| | စုစုပေါင်း | ၅၈၂၃ | ၃၁၂၈၉ | ၃၇၁၁၂ |

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအကြပ်အတတ်သင်ကျောင်းမှ ကျောင်းအုပ်ကြီး ရဲ ၁၆၄၂ ရဲမှူးကြီး သူရသွင်ကိုကို အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ရဲ ၁၆၄၂ ရဲမှူးကြီး သူရသွင်ကိုကို အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ မေလ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃၂/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ မှုခင်းဌာနမှ ညွှန်ကြားရေးမှူး ရဲ ၂၄၀၂ ရဲမှူးကြီး ထွေးတိုး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁-၁၀-၂၀၂၅ ရက်နေ့မှ ၃၀-၁-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၃၁-၁-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃၆/၂၀၂၅)

၁။ ရှမ်းပြည်နယ်၊ ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးစိုးမြင့် (ပ/ ၄၇၆၉) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးစိုးမြင့် (ပ/ ၄၇၆၉) အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ဇွန်လ ၁၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃၇/၂၀၂၅)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ (စ-၁၇၁၉) ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဇော်အေး အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရခိုင်ပြည်နယ်ရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၄၀/၂၀၂၅)

အကျဉ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူး က ၄၀၄၉ ညွှန်ကြားရေးမှူး ဦးလင်းဗိုလ်နောင် အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှစ၍ လေ့ကျင့်ရေးဌာနသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၄၁/၂၀၂၅)

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်–

(၁) က ၃၃၁၉ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းအောင် ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (အင်းစိန်) — ဦးစီးမှူး ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး

(၂) က ၄၃၈၄ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင် တာဝန်ခံအရာရှိ သာယာဝတီဗဟိုအကျဉ်းထောင် — ဦးစီးမှူး ချင်းပြည်နယ်ဦးစီးမှူးရုံး (နေပြည်တော်ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးရုံးတွဲဖက်)

## အမိန့်ကြော်ငြာစာ (၁၀၄၃/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ရာသချ်ာကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၁၁၄၈–ခ/ထနောင်းကန်အရှေ့)၊ ဦးပိုင်အမှတ် (၁၁/၂)၊ မြေကွက်အမှတ် (64၊ 62/197) ရှိ **မြေဧရိယာ ၁.၀၀ ဧက** အား **စက်သုံးဆီအရောင်းဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂၆၄,၀၀၀/– နှုန်းဖြင့် ဒေါ်ချစ်ဟေမာန်ပွင့်ဝေ [၁၂/ ဥကမ (နိုင်) ၂၂၉၉၆] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁)အရ နှစ် (၃၀)စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၄၄/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ရာသချ်ာကျေးရွာအုပ်စု၊ ကွင်း/ အကွက် အမှတ်နှင့် အမည် (၁၁၄၈–ခ/ထနောင်းကန်အရှေ့)၊ ဦးပိုင်အမှတ် (၁၁/၃)၊ မြေကွက်အမှတ် (63၊ 62/196) ရှိ **မြေဧရိယာ ၀.၈၀ ဧက** အား **စားသောက်ဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂၁၁,၂၀၀/– နှုန်းဖြင့် ဒေါ်ချစ်ဟေမာန်ပွင့်ဝေ [၁၂/ ဥကမ (နိုင်) ၂၂၉၉၆] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁)အရ နှစ် (၃၀)စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၄၅/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၆–၌/ ရန်မျိုးအောင်)၊ ဦးပိုင်အမှတ် (၂၁၅)၊ မြေကွက်အမှတ် (215) ရှိ **မြေဧရိယာ ၀.၅၃၀ ဧက** အား **ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိတ္ထီလာမြို့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၄၆/၂၀၂၅)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၇) ရပ်ကွက်၊ အကွက် အမှတ်နှင့် အမည် (၁၁၃/ကျွန်းတောရပ်)၊ ဦးပိုင်အမှတ် (၆/၁)၊ မြေကွက်အမှတ် (6/54) ရှိ **မြေဧရိယာ ၄.၉၉၁**

**ဧက** အား **အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၀၄၇/၂၀၂၅)**

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၇) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၁၃/ကျွန်းတောရပ်)၊ ဦးပိုင်အမှတ် (၆/၃)၊ မြေကွက်အမှတ် (6/56) ရှိ **မြေဧရိယာ ၄.၈၄၄ ဧက** အား **အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၀၄၈/၂၀၂၅)**

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၇) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၁၃/ကျွန်းတောရပ်)၊ ဦးပိုင်အမှတ် (၆/၂)၊ မြေကွက်အမှတ် (6/55) ရှိ **မြေဧရိယာ ၃.၆၁၁ ဧက** အား **အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၀၄၉/၂၀၂၅)**

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၇) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၁၃/ ကျွန်းတောရပ်)၊ ဦးပိုင်အမှတ် (၆/၄)၊ မြေကွက်အမှတ် (7၊ 8၊ 9) ရှိ **မြေဧရိယာ ၃.၄၆၂ ဧက** အား **အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်စွဲပါစာအမှတ်၊ ၁၀၃၃/တမ-၂/၁၆၃/၂/၂၀၂၅ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးဝင်း အား လက်ထောက်အင်ဂျင်နီယာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၅)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၃၅/ တမ-၂/ ၁၆၅/ ၂/၂၀၂၅ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) မှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်သည့် ရာထူး |
|---|---|---|
| (က) | ဒေါ်ဝင်းပလှိုင်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ( ခ ) | ဦးမြင့်ဇော်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၄/၂၀၂၅)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၃၄/ တမ-၂/ ၁၆၄/ ၂/၂၀၂၅ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းမှ ကွန်ပျူတာစီစဉ်ရေးမှူး ဒေါ်ခင်ခင်ပြုံး အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၂၅) ၏ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၃) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (က) | ဒေါ်ဖူးဝါသွယ်<br>ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) |
| ( ခ ) | ဦးမျိုးသိန်း<br>ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ပုံနှိပ်ဌာနခွဲ၊ နေပြည်တော် (ရုံးချုပ်) | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုံနှိပ်ဌာနခွဲ၊ နေပြည်တော် (ရုံးချုပ်) |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (ဂ) | ဒေါ်ဖြူဖြူရှိန်<br>ဦးစီးမှူး (ထုတ်လုပ်)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ထုတ်လုပ်မှုဌာနခွဲ၊ ရန်ကုန်ရုံး | ဦးစီးအရာရှိ (ထုတ်လုပ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ထုတ်လုပ်မှုဌာနခွဲ၊ နေပြည်တော် (ရုံးချုပ်) |

## အမိန့်ကြော်ငြာစာအမှတ် (၁၃၅/၂၀၂၅)

## ကရင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၂/ ၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် ကရင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင် **အစား** အတွင်းရေးမှူး ဦးမင်းရွှေ ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၉,၆၀၄ ဧကရှိသော နယ်မြေကို **ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ဆင်ကူးကျွန်း၏ မြောက်ဘက်မော်ထိပ် ခန့်မှန်းမြေပုံညွှန်း 11.88305˚N, 98.67850˚E မှအစပြု၍ ခိုတောင်ချောင်း ဒီရေကျမျဉ်းအတိုင်း အရှေ့တောင်ဘက်သို့ ၂.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.88227˚N, 98.68256˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ခိုတောင်ချောင်းဒီရေကျမျဉ်းအတိုင်း ၃ ဖာလုံခန့်လာရာ ချောင်းကောက်ကြီးထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.87941˚N, 98.68710˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ခိုတောင်ချောင်း ဒီရေကျမျဉ်းအတိုင်း ၁ မိုင် ၁.၂ ဖာလုံခန့်လာရာ သစ်ဖြူပင်ချောင်းထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.86808˚N, 98.69975˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ခိုတောင်ချောင်း ဒီရေကျမျဉ်းအတိုင်း ၃.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း

11.86485˚N, 98.70604˚E အထိ၊ ထိုမှ အရှေ့ဘက်သို့ ခိုတောင်ချောင်း ဒီရေကျမျဉ်းအတိုင်း ၅.၈ ဖာလုံခန့်လာရာ ဂလက်ကြီးချောင်းထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.86477˚N, 98.71644˚E အထိ၊ ထိုမှ ခိုတောင်ချောင်း ဒီရေကျမျဉ်းအတိုင်း အရှေ့မြောက်ဘက်သို့ ၄.၈ ဖာလုံခန့်လာရာ နောင်ဖြူကြီးချောင်းပေါက်ငယ်ထိပ် ခန့်မှန်းမြေပုံညွှန်း 11.86869˚N, 98.72488˚E အထိ၊

အရှေ့ဘက်။ ထိုမှ အရှေ့တောင်ဘက်သို့ နောင်ဖြူကြီးချောင်းအတိုင်း ၅.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85998˚N, 98.72698˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ နောင်ဖြူကြီးချောင်းအတိုင်း ၃.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85493˚N, 98.72509˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၇.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84479˚N, 98.73481˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84134˚N, 98.73618˚E အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84062˚N, 98.73997˚E အထိ၊ ထိုမှ တောင်ဘက်သို့ ဝ.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83971˚N, 98.73963˚E အထိ၊ ထိုမှ အနောက်ဘက်သို့ ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83953˚N, 98.73522˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83279˚N, 98.73266˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.82870˚N, 98.73761˚E အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၂.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.82835˚N, 98.73370˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ 11.83030˚N, 98.73215˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83182˚N, 98.72727˚E အထိ၊ ထိုမှ အနောက်ဘက်သို့ ၁.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83071˚N, 98.72571˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83038˚N, 98.72263˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၇ ဖာလုံခန့်လာရာ ဆင်ကူးချောင်းထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.82783˚N, 98.72071˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းရိုးအတိုင်း ၂.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.82778˚N, 98.71686˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၃.၈ ဖာလုံခန့်လာရာ ချောင်းငယ်ထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.83035˚N, 98.71029˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၄.၉ ဖာလုံခန့်လာရာ ကျောင်းချောင်းထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.83697˚N, 98.70522˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၃.၂ ဖာလုံခန့်လာရာ စစ်ဘုချောင်းထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.84113˚N, 98.70094˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၅.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83531˚N, 98.69342˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၅.၆ ဖာလုံခန့်လာရာ အောင်ချောင်းထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.83360˚N, 98.68320˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၄ ဖာလုံခန့်လာရာ သစ်ငုတ်တိုချောင်းထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.83465˚N, 98.67574˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၃.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83424˚N, 98.66940˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83155˚N, 98.66620˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.82083˚N, 98.66201˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၁.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.81929˚N, 98.65984˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဆင်ကူးချောင်းအတိုင်း

၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.81975˚N, 98.65717˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၁.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.82210˚N, 98.65531˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၀.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.82347˚N, 98.65615˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.82589˚N, 98.65595˚E အထိ၊ ထိုမှ အရှေ့ဘက်သို့ ၁.၃ ဖာလုံခန့်လာရာ ဆင်ကူးချောင်းထိပ် ခန့်မှန်းမြေပုံညွှန်း 11.82386˚N, 98.65457˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ဆင်ကူးချောင်းအတိုင်း ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83233˚N, 98.65183˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83545˚N, 98.65677˚E အထိ၊ ထိုမှ အနောက်ဘက်သို့ ၂.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83507˚N, 98.66051˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၄.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83986˚N, 98.66735˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၈.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85454˚N, 98.66465˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85217˚N, 98.66267˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂.၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85418˚N, 98.65711˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၀.၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84041˚N, 98.64988˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁.၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83686˚N, 98.64982˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၀.၅ ဖာလုံခန့်လာရာ ဆင်ကူးချောင်း ခန့်မှန်းမြေပုံညွှန်း 11.83662˚N, 98.64933˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဆင်ကူးချောင်း ဒီရေကျမျဉ်းအတိုင်း ၃.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83874˚N, 98.64773˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84235˚N, 98.64985˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84499˚N, 98.64835˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84400˚N, 98.64609˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84067˚N, 98.64731˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၀.၈ ဖာလုံခန့်လာရာ ဆင်ကူးချောင်း ခန့်မှန်းမြေပုံညွှန်း 11.83940˚N, 98.64692˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ဆင်ကူးချောင်း ဒီရေကျမျဉ်းအတိုင်း ၇.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84583˚N, 98.63512˚E အထိ၊ ထိုမှ ဆင်ကူးချောင်း ဒီရေကျမျဉ်းအတိုင်း အနောက်တောင်ဘက်သို့ ၁.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83909˚N, 98.61584˚E အထိ၊

အနောက်ဘက်။ ထိုမှ အရှေ့မြောက်ဘက်သို့ ၄.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.83891˚N, 98.60771˚E အထိ၊ ထိုမှ ဒီရေကျမျဉ်းအတိုင်း အရှေ့မြောက်ဘက်သို့ ၃.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84103˚N, 98.60105˚E အထိ၊ ထိုမှ ဒီရေကျမျဉ်းအတိုင်း အနောက်မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84600˚N, 98.59569˚E အထိ၊ ထိုမော်ထိပ်မှ အရှေ့မြောက်ဘက်သို့ ခိုတောင်ချောင်း ဒီရေကျမျဉ်းအတိုင်း ၂.၅ ဖာလုံခန့်လာရာ ငှက်ခတ်ချောင်းထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.84837˚N, 98.59956˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ခိုတောင်ချောင်းတစ်လျှောက် ဒီရေကျမျဉ်းအတိုင်း ၃.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85097˚N, 98.61477˚E အထိ၊ ထိုမှ တောင်ဘက်သို့ ၀.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85040˚N, 98.61521˚E အထိ၊ ထိုမှ အရှေ့ဘက်သို့ ၀.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85041˚N, 98.61650˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၀.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း

11.85109˚N, 98.61651˚E အထိ၊ ထိုမှ အရှေ့ဘက်သို့ ခိုတောင်ချောင်း ဒီရေကျူမျဉ်းအတိုင်း ၆.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85149˚N, 98.62699˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ခိုတောင်ချောင်း ဒီရေကျူမျဉ်းအတိုင်း ၇.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85316˚N, 98.64083˚E အထိ၊ ထိုမှ တောင်ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85049˚N, 98.64024˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84847˚N, 98.64101˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၀.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84874˚N, 98.64153˚E အထိ၊ ထိုမှ မြောက်ဘက်သို့ ၁.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85109˚N, 98.64218˚E အထိ၊ ထိုမှ မြောက်ဘက်သို့ ၁.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85288˚N, 98.64155˚E အထိ၊ ထိုမှ အရှေ့ဘက်သို့ ခိုတောင်ချောင်း ဒီရေကျူမျဉ်းအတိုင်း ၆.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.85374˚N, 98.65273˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ခိုတောင်ချောင်း ဒီရေကျူမျဉ်းအတိုင်း ၁၃ ဖာလုံခန့်လာရာ အိမ်ရှေ့ချောင်းကြီးထိပ်ဝ ခန့်မှန်းမြေပုံညွှန်း 11.87077˚N, 98.66863˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ခိုတောင်ချောင်း ဒီရေကျူမျဉ်းအတိုင်း ၆.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.88108˚N, 98.67475˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ခိုတောင်ချောင်း ဒီရေကျူမျဉ်းအတိုင်း ၂.၄ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 11.88305˚N, 98.67850˚E အထိ။

**ချန်လှပ်အကွက်အမှတ် (၁) ဧရိယာ ၈ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်။ ဆင်ကူးကျွန်းဒီရေတောအတွင်း စစ်ဘုကျေးရွာမှ တောင်သူများစိုက်ပျိုးထားသည့် ဝင်းနိုင်တောင်ကျွန်းရှိ ဥယျာဉ်များ၏ တောင်ကုန်းအောက်ဒီရေတောအစပ် ခန့်မှန်းမြေပုံညွှန်း 11.85013˚N, 98.64846˚E မှအစပြု၍ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ၀.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84935˚N, 98.64947˚E အထိ၊

အရှေ့ဘက်။ ထိုမှ ဒီရေတောအစပ်အတိုင်း တောင်ဘက်သို့ ၀.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84830˚N, 98.64923˚E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အနောက်တောင်ဘက်သို့ ၀.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84786˚N, 98.64854˚E အထိ၊

တောင်ဘက်။ ထိုမှ ဒီရေတောအစပ်အတိုင်း အနောက်မြောက်ဘက်သို့ ၀.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84817˚N, 98.64781˚E အထိ၊

အနောက်ဘက်။ ထိုမှ ဒီရေတောအစပ်အတိုင်း မြောက်ဘက်သို့ ၀.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.84919˚N, 98.64770˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၀.၆ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 11.85013˚N, 98.64846˚E အထိ။

၃။ **တားမြစ်ချက်များ**

**ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော** အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်–

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့် ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၅၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

၁။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ အခန်း (၃) ပုဒ်မ (၄) (ခ) အရ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅၆၀ (၇၄)/ ၁၂/ ကောင်စီရုံးဖြင့် သဘောတူခွင့်ပြုချက်အရ ဤအမိန့်စာထုတ်ပြန်သည့်နေ့မှစ၍ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်<br>အမှတ် (၂) သတ္တုတွင်းလုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်<br>အလုပ်သမားအဖွဲ့အစည်း | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဎ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုပြုခြင်း၊

(ခ) လူမှုဖူလုံရေးအဖွဲ့က လွှဲအပ်ပေးသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အလုပ်အမှုဆောင်ကော်မတီကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) လူမှုဖူလုံရေးအဖွဲ့လုပ်ငန်းကို သုတေသနနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ စီမံချက်များချမှတ်ပြီး ဆောင်ရွက်စေခြင်းနှင့် တွေ့ရှိချက်ကို တင်ပြစေခြင်း၊

(ဃ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(င) ကျန်းမာမှုမြှင့်တင်ရေးလုပ်ငန်းများ၊ လုပ်ငန်းခွင်ကျန်းမာရေး ပညာပေးလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်ပေါ်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်စေခြင်း၊

(စ) အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်များကို သတ်မှတ်ရာ၌ အခြေခံရမည့် လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းများ ထုတ်ပြန်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အလုပ်သမားဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဆ) အလုပ်နှင့်သက်ဆိုင်သည့် ရောဂါများစာရင်းကို ထုတ်ပြန်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အလုပ်သမားဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) အလုပ်တွင် ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးသွားသူများအတွက် လစ်လပ်သောအလုပ်များကိုခန့်ထားရန် လုပ်ငန်းဌာနအမျိုးအစားအလိုက် အနည်းဆုံးထားရှိရမည့် အချိုးအစားကို သတ်မှတ်ခြင်း၊

(ဈ) လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကိုဆောင်ရွက်နိုင်ရန် လိုအပ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး သင့်လျော်သော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်တာဝန်ပေးခြင်း၊

(ည) လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်နှင့် ဒေသဆိုင်ရာလူမှုဖူလုံရေးရုံးအဆင့်ဆင့်တို့၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင် သို့မဟုတ် ယင်းအဖွဲ့နှင့် သဘောတူစာချုပ်ချုပ်ဆိုထားသော ဆေးရုံများ၊ ဆေးခန်းများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍လည်းကောင်း လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဋ) နိုင်ငံတော်က ခွင့်ပြုသောမြေကွက်များတွင်ဖြစ်စေ၊ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့မှ အလုပ်သမားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဝယ်ယူသော မြေကွက်များတွင်ဖြစ်စေ စီမံကိန်းများချမှတ်၍ လူမှုဖူလုံရေးအိမ်ရာများ ထူထောင်ခြင်း၊

(ဌ) လူမှုဖူလုံရေးအိမ်ရာများနှင့်စပ်လျဉ်း၍ သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ အသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုခြင်းနှင့် အိမ်ရာဝယ်ယူနိုင်ရေးအတွက် ငွေချေးခွင့်ပြုခြင်း၊

(ဍ) လူမှုဖူလုံရေးအိမ်ရာများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်သည့် ပုဒ်မခွဲ (ဌ) ပါ ခွင့်ပြုချက်ရရှိသူများအား အရေးယူဆောင်ရွက်ရေးနှင့် လိုအပ်ပါက ထိုသူတို့အား လူမှုဖူလုံရေးအိမ်ရာမှ သတ်မှတ်ချက်များနှင့်အညီ ဖယ်ရှားရေးတို့အတွက် သက်ဆိုင်ရာလူမှုဖူလုံရေး အရာရှိအား တာဝန်ပေးအပ်ခြင်း၊

(ဎ) လူမှုဖူလုံရေးနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်များ ပိုမိုထိရောက်စွာပေးနိုင်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အလုပ်သမားဝန်ကြီးဌာနတို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ အလုပ်သမားဝန်ကြီးဌာန၏ ၅–၁၁–၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၄၄/ အလ/ ခွဲ (၁) ၂၀၂၁ (၁၁၅၁၀) ဖြင့် ဖွဲ့စည်းထားသော အမိန့်ကြော်ငြာစာအမှတ် ၃၉၇/၂၀၂၁ ကိုလည်းကောင်း၊ ၁၀–၃–၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၄၄/အလ/ခွဲ (၁) ၂၀၂၂ (၃၆၈၀) ဖြင့် ဖွဲ့စည်းထားသော အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၂၂ ကိုလည်းကောင်း၊ ၂၇–၄–၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၄၄/အလ/ခွဲ (၁) ၂၀၂၂ (၆၁၆၄) ဖြင့် ဖွဲ့စည်းထားသော အမိန့်ကြော်ငြာစာ အမှတ် ၉၉/၂၀၂၂ ကိုလည်းကောင်း ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်ကျော်ဟိုး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၃၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

၁။ ပညာရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင် မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် (ယခင်) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏

ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီတို့အား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ-၁ |
| (၂) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ-၂ |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ပါမောက္ခချုပ်<br>Naypyitaw State Academy | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>သက်ဆိုင်ရာဦးစီးဌာန | အတွင်းရေးမှူး |

**( ဂ ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဌာနမှူး (စီမံ/ ဘဏ္ဍာ)<br>Naypyitaw State Academy | အဖွဲ့ဝင် |
| (၁၂) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၃) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | အတွင်းရေးမှူး |
| (၁၅) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>သက်ဆိုင်ရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy | အဖွဲ့ဝင် |
| (၁၂) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၃) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | အတွင်းရေးမှူး |
| (၁၅) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>သက်ဆိုင်ရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းစသည့် တင်ဒါများကို (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် (ယခင်) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ ပညာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၇/ ၂၀၂၅ အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၈/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အမှုထမ်း (၇) ဦးတို့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၂၅) ၏ သဘောတူညီချက်အရ ပြည်ထောင်စုဝန်ကြီးရုံးတွင် အမည်နှင့် ယှဉ်တွဲဖော်ပြပါနေရာများအတိုင်း လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်ပေးအပ်မည့် နေရာ |
|---|---|---|
| (၁) | ဦးစိုင်းမြင့်အောင်<br>ဆလက/ ၅၅၀၃၇ | ဦးစီးရုံး |
| (၂) | ဦးချမ်းလင်းအောင်<br>ဆလက/ ၄၆၁၄၁ | e-Government ဌာနခွဲ |
| (၃) | ဒေါ်ရင်ရင်မွေး<br>ဆလက/ ၄၄၁၉၄ | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ |
| (၄) | ဒေါ်ခိုင်သူဇာ<br>ဆလက/ ၄၆၂၃၆ | e-Government ဌာနခွဲ |
| (၅) | ဒေါ်တင်မို့မို့သိမ့် <br>ဆလက/ ၄၆၂၉၀ | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |
| (၆) | ဦးဇော်ဟိန်း<br>ဆလက/ ၄၈၉၈၄ | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |
| (၇) | ဒေါ်အေးမြတ်နွယ်<br>ဆလက/ ၄၆၄၂၄ | ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ |

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၅)**

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၀၃၆၂ ဒေါ်မော်မော်ကြည်၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ၃-၁၁-၂၀၂၅ ရက်နေ့မှ ၂-၃-၂၀၂၆ ရက်နေ့အထိ (၄) လကို ၉-၉-၂၀၂၅ ရက်နေ့တွင်ကျင်းပသော ကော်မတီဝင်များ အစည်းအဝေး အမှတ်စဉ် (၂၅/၂၀၂၅) ဆုံးဖြတ်ချက်အမှတ် ၅။ (၃)(၁)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ

၈၁ အရ အများပြည်သူအကျိုးငှာငြင်းပယ်၍ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၃-၃-၂၀၂၆ ရက်နေ့မှ ၂-၇-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၃-၇-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ လက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)(အင်ဂျင်နီယာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၀၃၄ ဦးခွန်ထွန်းအောင်၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ၆-၁၁-၂၀၂၅ ရက်နေ့မှ ၅-၃-၂၀၂၆ ရက်နေ့အထိ (၄) လကို ၁၅-၈-၂၀၂၅ ရက်နေ့တွင်ကျင်းပသော ကော်မတီဝင်များအစည်းအဝေးအမှတ်စဉ် (၂၂/၂၀၂၅) ဆုံးဖြတ်ချက်အမှတ် ၅။ (င) (၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာငြင်းပယ်၍ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၆-၃-၂၀၂၆ ရက်နေ့မှ ၅-၇-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၆-၇-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၂/ ၂၀၂၅)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေးဌာနမှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၀၁၄ ဦးသန့်ဇင် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀-၁၁-၂၀၂၅ ရက်နေ့မှ ၁၉-၃-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀-၃-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှ ဌာနစုမှူး (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၈၈၃ ဒေါ်အေးအေးသိန်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၈-၁၁-၂၀၂၅ ရက်နေ့မှ ၇-၃-၂၀၂၆ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၈-၃-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) မှ ဌာနစုမှူး ဦးစီးအရာရှိ (အင်ဂျင်နီယာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၂၁၇၁ ဒေါ်နုနုအေး အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၂၀-၃-၂၀၂၆ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၁-၃-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနမှ ဌာနစုမှူး (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၇၆၀ ဒေါ်တင်တင်လတ် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၂၀-၃-၂၀၂၆ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၁-၃-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ အနောက်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ အလုံခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ပေးအပ်ထားသော ဌာနစုမှူး (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၂၀၈၁ ဒေါ်မိမိလေး အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၃-၁၁-၂၀၂၅ ရက်နေ့မှ ၂၂-၃-၂၀၂၆ ရက်နေ့ထိခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၃-၃-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဗိုလ်ဌေး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

အမှတ် ၂၁၄/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

မောင်ဝင်း ကြည်း ၈၁၅၂၂

အမှတ် ၂၁၅/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ဇော်မင်း ကြည်း ၈၁၅၂၃

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

အမှတ် ၂၁၆/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

တင့်ဝေ ကြည်း ၈၁၅၂၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ - ၁၅)၊ ဦးပိုင်အမှတ် (၃) ရှိ **မြေဧရိယာ ၉.၁၅၀၅ ဧက** အား **မြတဘက်နဂါးကိုးကောင် ဘုရားပေါ်တော်မူကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

အမှတ် ၁၀၅၆။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၅) အစီအစဉ် ၄ (ဆ-၁) ၌ သဘောတူ ဆုံးဖြတ်ချက်အရ ရေနံချောင်းတက္ကသိုလ်မှ ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာ ချိုချိုမြင့် အား ရန်ကုန် တက္ကသိုလ်၊ မြန်မာစာဌာနတွင် အချိန်ပိုင်းပါမောက္ခအဖြစ် တစ်ရက်လာရောက်သင်ကြားလျှင် ချီးမြှင့်ငွေကျပ် ၁၀၀၀၀ ကျပ် (တစ်ရက်လျှင် အနည်းဆုံး ၂ ချိန် သင်ကြားရန်နှင့် ဘာသာရပ်တစ်ခုဖြစ်စေ၊ ဘာသာရပ်တစ်ခုထက် ပို၍ဖြစ်စေ တာဝန်ထမ်းဆောင်လျှင် (၁) လတွင် စုစုပေါင်း (၂၀) ရက်ထက်မပိုသောနှုန်း) ဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ပထမအကြိမ် ၁ နှစ် စတင်ခန့်ထားလိုက်သည်။

အမှတ် ၁၀၆၁။ ၁၀-၁၀-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၃)၌ သဘောတူဆုံးဖြတ်ချက်အရ ဗန်းမော် တက္ကသိုလ် ရူပဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ သန်းသန်းလွင် အား ၁၉-၁၁-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးမည့် ၁၉-၃-၂၀၂၆ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၁၀၆၂။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၅) အစီအစဉ် ၄ (ဆ-၅) ၌ သဘောတူ ဆုံးဖြတ်ချက်အရ မြင်းခြံတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) (အငြိမ်းစား) ဒေါက်တာ ဒေါ်ခင်စန်း အား မကွေးတက္ကသိုလ်၊ ဘူမိဗေဒဌာနတွင် အချိန်ပိုင်းပါမောက္ခအဖြစ် တစ်ရက်လာလျှင် ချီးမြှင့်ငွေကျပ် ၁၀၀၀၀ ကျပ် (တစ်ရက်လျှင် အနည်းဆုံး ၂ ချိန် သင်ကြားရန်နှင့် ဘာသာရပ်တစ်ခုဖြစ်စေ၊ ဘာသာရပ်တစ်ခုထက် ပို၍ဖြစ်စေ တာဝန်ထမ်းဆောင်လျှင် (၁) လ တွင် စုစုပေါင်း (၂၀) ရက်ထက်မပိုသောနှုန်း) ဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ပထမအကြိမ် ၁ နှစ် စတင်ခန့်ထားလိုက်သည်။

ဒေါက်တာ သန်းဇော်ဦး
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်<br>(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**Myanmar Golden Eagle Company Limited**

**(မြန်မာ ရွှေလင်းယုန် ကုမ္ပဏီလီမိတက်)**

ကုမ္ပဏီအမျိုးအစားပြောင်းလဲကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၅၈ (ခ) ကိုလိုက်နာ၍ အမှတ် – ၅၃၁ ဘီ၊ မာလာမြိုင်ရိပ်သာလမ်း၊ ပြည်လမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ **Myanmar Golden Eagle Company Limited (မြန်မာ ရွှေလင်းယုန် ကုမ္ပဏီလီမိတက်)** သည် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီအဖြစ်မှ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီအဖြစ်သို့ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) မှတစ်ဆင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ကြောင်းနှင့် မှတ်ပုံတင်အရာရှိသည် တင်ပြသည့် လျှောက်ထားမှုကို လက်ခံကျေနပ်ပြီး တရားရုံး၏ အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲ ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်လဲ့လဲ့ဦး

မန်နေးဂျင်းဒါရိုက်တာ

Myanmar Golden Eagle Company Limited